စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# မဟာခွေ တကယ့်မင်းသမီး

ဒုတိယအကြိမ်



mgyoe.com

mgyoe.com

ကိစ္စတစ်ခုဟာ ရုပ်ရှင်ရိုက်ကူးနေစဉ်သာ
သက်ဆိုင်ရာစိတ်ထား မျိုးရှိပြီးလျှင် ရုပ်ရှင်ရိုက်ပြီးသည်နှင့်
တစ်ပြိုင်နက် ထိုစိတ်တွေ ပျောက်ဖျက်ပစ်ရမည်ဟု
သူပြောပါသည်။ ကျွန်မ နားလည်သမျှမှာဖြင့်
သူပွေ့ဖက်စဉ်က ကျွန်မတစ်ကိုယ်လုံး
ရှိန်းဖိန်းသွားပါသည်။ တစ်သက်တာတွင်
ရှေးဦးစွာ ယောကျ်ားတစ်ယောက်နှင့် ထိတွေ့ရသော
အဓိပ္ပာယ်မဖော်ပြတတ်သည့် အရသာတစ်မျိုးကို .....



mhs0005

1300.00 Ks

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကုန်။
အပြင်အဆင် - အောင်ကျော်
၂၀၁၄၊ စက်တင်ဘာလ၊ ဒုတိယအကြိမ်၊ လောကစံပုံနှိပ်တိုက်၏ ပထမအကြိမ်မှူ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၅၀၀ ကျပ်

၈၉၈ • ၈၃

တကယ့်မင်းသမီး
မဟာဆွေ - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၄၊
စာမျက်နှာ ၁၁၃ မျက်နှာ၊ ၁၃ စင်တီ x ၂၀.၅ စင်တီ
(၁) တကယ့်မင်းသမီး

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# တကယ့်မင်းသမီး

## မဟာဆွေ

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မိတ်ဆက်လွှာ

အကယ်၍သာ ဤစာကို ထုတ်ဝေသူက ရေးသားလျှင် အရူးသို့မဟုတ် "တောက်တဲ့"ဟု ဆိုရပေမည်။ ကျွန်ုပ်နှင့် ဆက်သွယ်သူများအနက် ငွေကြေးတောင့်တင်းသူများမှာ ညွှန့်မြိုင်ဖြန့်ချိရေး၊ ကြယ်နီရောင်၊ တိုးတက်ရေး၊ ရွှေစွန်ညို၊ ရှုမဝ ဤငါးဦးဖြစ်၏။ ယခု နောက်ဆုံးတစ်ဖန် ပြန်၍ဆက်သွယ်သော "လောကစံ"မှာ ငွေကြေး အတောင့်တင်းဆုံးတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ထိုတွင်သာမက ရိုးသား၍ သစ္စာကတိရှိသူလည်းဖြစ်သည်။ ကျွန်ုပ်၏ ဝတ္ထုစာပေများကို လောကစံတစ်ဦးတည်းသာပေးပါမည်ဟု စာချုပ်ရန် အလိုမရှိသော်လည်း လောကစံသည် ကျွန်ုပ်၏ စာမူများကို အများဆုံး ရရှိပါလိမ့်မည်။ သို့အတွက် ယုံကြည်စိတ်ချစွာ ဆက်ဆံကြရန် ဤမိတ်ဆက်လွှာကို ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

မဟာဆွေ

mgyoe.com

mgyoe.com

မြသီတာရုပ်ရှင်ကုမ္ပဏီ
နံပါတ်......၊ ပန်းဆိုးတန်း၊ ရန်ကုန်မြို့။
၁၉၃၅ ခု၊ နိုဝင်ဘာလ ၁၅ ရက်နေ့။

မခင်သောင်း

*မခင်သောင်း၏ လျှောက်လွှာနှင့် ဓာတ်ပုံပါ ရရှိ၏။ သဘောကျနှစ်ခြိုက်သဖြင့် ရန်ကုန်သို့ အမြန်ဆုံး လာရောက်စေလိုသည်။ ရန်ကုန်မြို့အတွက် ယခု ရာသီသည် ရုပ်ရှင်ရိုက်ကူး၍ အကောင်းဆုံး အချိန် ဖြစ်သည်။*

တင်မောင်ရွှေ
မန်နေဂျာ

ပို့စမင်းပေးသွားသဖြင့် အထက်ပါစာကို ဖွင့်ဖောက်ဖတ်ရှုရသော ကျွန်မမှာ တစ်သက်တာတွင် ဝမ်းအသာဆုံး ဖြစ်သွားပါသည်။ စာရေးဝါသနာပါသော သူငယ်ချင်းမတစ်ယောက်၊ သူ့ဝတ္ထုတစ်ပုဒ်။ ရှေးဦးစွာမဂ္ဂဇင်းတစ်စောင်တွင် ပါလာသောအခါ အူမြူးရှာသည်ကို "ကဲ ... လွန်းတယ်ကွယ်"ဟု အပြစ်တင်မိဖူးရာ ယခု ကျွန်မဝါသနာနှင့် ကျွန်မ ရုပ်ရှင်မင်းသမီး ဖြစ်တော့မည့်စာကို ရရှိသောအခါကျမှ ကိုယ်ချင်းစာမိပါသည်။

ကျွန်မသူငယ်ချင်းများက ကျွန်မအား "ရုပ်ရှင်ရူး"ဟုခေါ်ကြပါသည်။ ကျွန်မကလည်း စောင့်ကြည့် တစ်နေ့ "တကယ့်မင်းသမီး"ဖြစ်ရမယ်ကွဟု အားကျမခံ ပြန်လည်ချေပခဲ့ဖူးရာ ယခုအခါ၌မူ ထိုစာကလေး ပြကာ ပြကာ ကြွားမိပါသည်။ ကျွန်မမိဘများမှာ စားနိုင်သောက်နိုင်ထဲက ဖြစ်ပါသည်။

mgyoe.com

ငွေကြေး လိုချင်၍မဟုတ်။ ဝါသနာကို မစွန့်နိုင်သည့်အတွက် ထိုနေ့မှာပင် မိဘများနှင့် တိုင်ပင်ပြီးလျှင် လာမည့်ရက်ကို ချိန်းဆိုလိုက်ပါသည်။ မသွားခင် သူငယ်ချင်းများ နှုတ်ဖျားမှ–

ရုပ်ရှင်မင်းသမီးဆိုတာ ဒါရိုက်တာနှင့် ညားတတ်တယ်။ ဇာတ်လိုက် မင်းသားနဲ့၊ ဗီလိန်နဲ့၊ သူဌေးနဲ့ စသည်ဖြင့် စုံ၍နေပါသည်။ ကျွန်မကလည်း ကိုယ်ကောင်းရင် ခေါင်းဘယ်မှမရွှေ့ဘူး။ အပေါစား မင်းသမီးမလုပ်ဘူး။ ဂိုက်နဲ့ဆိုက်နဲ့နေမှာဟု လက်မထောင်ကာ အိုက်တင်ပါပါ လုပ်ပြလိုက်ရာ အားလုံး ရယ်မောကြပါသည်။ သို့ရာတွင် "စောင့်ကြည့်ရသေးတာပေါ့" ဟူသော သူတို့စကားကိုမူ ကျွန်မ၏စိတ်ထဲ စွဲ၍လာခဲ့ပါသည်။

နေ့ခင်း ၁၂ နာရီခန့်တွင် ရန်ကုန်ဘူတာကြီးသို့ ပြည်ရထား ထိုးဆိုက် ရပ်နားလိုက်ပါသည်။ တစ်ခုသော ဒုတိယတွဲခန်း ခရီးသည်များအနက် အသက် ၂၀ ခန့် အပျိုတစ်ယောက်နှင့် အသက် ၄၅ နှစ်ခန့် အဒေါ်ကြီး တစ်ယောက်ပါလာရာ ထိုနှစ်ယောက်မှာ ကျွန်မနှင့်မိခင်ကြီး ဖြစ်ပါသည်။ ကျွန်မတို့တွင် အိပ်ရာလိပ်တစ်ခု၊ သားရေသေတ္တာလတ်တစ်လုံးနှင့် ထမင်းချိုင့်၊ ဓာတ်ရေဘူးများသာပါရှိရာ ကျွန်မက အောက်အရင်ဆင်းပြီးလျှင် မေမေက အပေါ်မှချပေးပါသည်။

ထိုအခိုက် အသက် ၂၀ ခန့်လူတစ်ယောက် ကျွန်မတို့အနီးရောက် လာကာ "ခင်ဗျား မခင်သောင်း မဟုတ်လား"မေးရင်း သူ့လက်ထဲက ဓာတ်ပုံ နှင့် ကျွန်မကို နှိုင်းယှဉ်ကြည့်ပါသည်။ ဓာတ်ပုံသည် လူရုပ်ကို ဖမ်း၍ရသော် လည်း အမှန်မှာ ဓာတ်ပုံက ကျွန်မ၏ ပကတိရုပ်ထက် ချောနေပါသည်။ ဤတွင် စိတ်စနောင့်စနင်း ဖြစ်မိပါသည်။ ဓာတ်ပုံနှင့် ပကတိရုပ်မတူ ဟန်မကျသေးဟု ပယ်ချမည်ကို စိုးရိမ်မိပါသည်။

"ဟုတ်ပါတယ် ... မခင်သောင်းပါပဲ"

"ဆရာက အကြိုလွှတ်လိုက်လို့ပါ"

ရုပ်ရှင်မန်နေဂျာဆီမှ မနေ့ကပင် လူအကြိုလွှတ်လိုက်မည်။ ဆက် ဆက်လာဟု ကြေးနန်းရထားပြီးဖြစ်သဖြင့် ထိုသူနှင့် ယုံကြည်စိတ်ချစွာ လိုက်၍သွားပါသည်။ ဘူတာ၏အပြင်ဘက်သို့ရောက်လျှင် ထိုလူရွယ်သည်

mgyoe.com

အလွန်သားနားသော ရှားရောင်ဆလွန်းကားရှိရာသို့ ခေါ်သွားပါသည်။ ကူလီကုလားဆီမှ ပစ္စည်းများကို ထိုလူပင် ကားနောက်ပိုင်းအဖုံး ဖွင့်ကာ တင်လိုက်ပါသည်။

ကျွန်မတို့သားအမိမှာ ကားနောက်ပိုင်းတွင် ထိုင်မိကြရာ ထိုလူသည် ကားရှေ့ပိုင်းသို့တက်ပြီးလျှင် ညင်သာစွာ စက်နှိုး၍ ထွက်ခွာသွားပါသည်။ ပန်းဆိုးတန်း "မြသီတာရုပ်ရှင်ကုမ္ပဏီ"ဟု ရွှေစာလုံးဝိုင်းကြီးများနှင့် ချိတ်ဆွဲထားသော တိုက်ကြီး၏ရှေ့သို့ရောက်လျှင် ကားကိုရပ်လိုက်ပါသည်။ ဒရိုင်ဘာသည် ကားတံခါးဖွင့်ပေးကာ အပေါ်ထပ်သို့ တက်နှင့်ကြရန်ပြောဆိုသဖြင့် သားအမိနှစ်ယောက် အပေါ်ထပ်သို့ တက်ခဲ့ကြပါသည်။ ကျွန်မ၏ရင်ထဲတွင်ကား တလှပ်လှပ်ဖြစ်၍နေပါသည်။ ဓာတ်ပုံရုပ်နှင့် လူရုပ်မတူလို့ မရွေးဘဲပြန်လွှတ်လိုက်မည်ကို သာလွန်၍ စိုးရိမ်ပါသည်။ ပြန်လွှတ်လျှင် သူငယ်ချင်းများ ပြောမဆုံး၊ လှောင်၍ပြီးမည် မဟုတ်တော့ပါ။

အခြားကုမ္ပဏီသုံးခုသို့ ဓာတ်ပုံနှင့် လျှောက်ထားဖူးရာ ပြန်စာပင် မရသဖြင့် ကျွန်မ အရမ်းမဲ့ စိုးရိမ်ခြင်းမဟုတ်ကြောင်း သိသာနိုင်ပါသည်။

တိုက်အပေါ်ထပ် တံခါးမသို့ရောက်လျှင် ခပ်လှမ်းလှမ်း စည့်ခန်း၌ ထိုင်နေသော အသက် ၃၀ ခန့် လူတစ်ယောက်ကို မြင်ရပါသည်။ ထိုလူကပင် "ဩော် ... ရောက်လာကြပလား၊ လာကြလေ"ဟု ဆီးကြိုနှုတ်ဆက်ပါသည်။ ကျွန်မတို့ သားအမိလည်း ထိုလူရှိရာသို့ လျှောက်သွားကြကာ ဆိုဖာများပေါ်တွင် ထိုင်မိကြပါသည်။

ထိုလူမှာ မွန်ရည်သန့်ပြန့်သော ရုပ်ရှိ၍ အက်(စ်)အိုရှပ်လက်ရှည် ရေညှိရောင် ဗန်ကောက်လုံချည်ကို ဝတ်ဆင်ထားပါသည်။

"မနေ့က ကြေးနန်းကော ရတယ်မဟုတ်လား"

"ဟုတ်ကဲ့ ... ရပါတယ်"ဟု ပြောလိုက်ရပါသည်။

"ကျောင်းပညာကော တော်တော် သင်ဖူးရဲ့လား"

"အိုင်အေ စီနီယာအထိ သင်ဖူးပါတယ်"

ထိုအခါ အတော် အံ့အားသင့်သွားပုံ ရပါသည်။ ထိုစဉ်အခါက ခေတ်ပညာတတ် အမျိုးသမီးများ ရုပ်ရှင်နယ်ထဲသို့ အဝင်နည်းသောခေတ်

mgyoe.com

mgyoe.com


ဖြစ်ပါသည်။ သူသည် ကျွန်မအား ခြေဆုံးခေါင်းဆုံး ကြည့်ရှုနေပါသည်။ ထိုစဉ်က အားကစားမယ်များ မပေါ်များသေးသော်လည်း ကျောင်းကသင်ပေးသော ဒရီးလ်ပညာများ၊ အခြား ကာယဗလစာအုပ်မှ နည်းကောင်းများနှင့် လေ့ကျင့်ခဲ့ဖူးသဖြင့် ကျွန်မ၏ ကိုယ်ခန္ဓာမှာ အချိုးအစားအတော်ကျပါသည်။

"ကျန်းမာရေး တော်တော် လိုက်စားခဲ့ပုံရတယ်"

"ဟုတ်ကဲ့ ... တတ်သမျှတော့ နေ့စဉ် လေ့ကျင့်ခဲ့ဖူးပါတယ်"

"မြင့်ရေ ... ဟောဒီမယ် ကိုယ်ပြောတဲ့ မင်းသမီးအသစ်ရောက်လာပြီ" ဟု တစ်နေရာသို့ လှမ်း၍ပြောလိုက်ရာ အသက် ၂၅ နှစ်ခန့် ရုပ်ရည်အတော်ချောသော (ကျွန်မထက်သာသည့်) မိန်းမတစ်ယောက် ထွက်လာပါသည်။ နောက်မှ သိရသည်မှာ မန်နေဂျာ တင်မောင်ရွှေ၏ဇနီး ခင်မြင့်ရီဆိုသူပင်ဖြစ်ပါသည်။ ခင်မြင့်ရီသည် သူ၏မောင်တော်ဘေးကထိုင်ကာ ကျွန်မကို အကဲခတ်ကြည့်ရှုပြီးလျှင် "ဖလင်ဖေ့(စ်) ကောင်းကောင်းရမှာပဲ" ဟု ဆုံးဖြတ်ချက်ချပါသည်။ နောက်မှ နားလည်သည်မှာ (Film Face) ဖလင်ဖေ့(စ်) ဆိုသည်ကား အပြင်တွင် ရုပ်ချောမချော အရေးမကြီး၊ မိတ်ကပ်နှင့် ဖလင်ကော်ပြားတင်လိုက်က ဟန်ကျမည့်ရုပ်ကို ဖလင်ဖေ့(စ်) ရသည်ဟု ပြောကြခြင်း ဖြစ်ပါသည်။

"ကျွန်မသမီးကို လက်ခံပြီလားရှင်"

ထိုင်ကတည်းက တစ်ခွန်းမျှ ဝင်ရောက်မပြောသေးသော မိခင်ကြီးက လိုရင်းကို တိခနဲ ဝင်၍မေးလိုက်ပါသည်။

"လက်ခံလိုက်ပြီဆိုပါတော့ ဒေါ်ဒေါ်"

ဤတွင် စကားမှာ စင်းလုံးချောမဟုတ်ဘဲ "ဆိုပါတော့"ဟူသည့် အမျက်ကလေးပါနေသဖြင့် ကျွန်မမျက်နှာပျက်သွားပါသည်။ ထိုအခြင်းအရာကိုလည်း ချက်ချင်း နားလည်ဟန်နှင့်–

"ဒီလိုကွဲ့ ... မခင်သောင်း၊ မခင်သောင်းမှာ ခေါင်းဆောင်မင်းသမီးဖြစ်ထိုက်တဲ့ အရည်အချင်းရှိရင် ခေါင်းဆောင်မင်းသမီး ဖြစ်ရမှာပဲ၊ အရည်အချင်းလျော့ရင် အရန်မင်းသမီးလောက်ပဲ ဖြစ်မယ်။ ဒီတော့ "ဆိုပါတော့"

mgyoe.com

အခိုပွာယ်က လက်ခံတာတော့ အမှန်ပဲ၊ ဘာ မင်းသမီးဖြစ်မယ်လို့ တင်ကူး မပြောနိုင်သေးဘူးကွဲ့"

"ကျွန်မလည်း သဘောမတူဘူး၊ သူ့ဖေဖေက သာပြီး သဘောမတူတယ်၊ ဒါပေမဲ့ ၁၂ နှစ်သမီးလောက်ကတည်းက ကျောင်းကပွဲ၊ အရပ်ပြဇာတ်တွေမှာ ပါဝင်ကပြလာခဲ့တယ်။ ဝါသနာလည်း အလွန်ကြီးပါတယ်"

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ကျွန်တော်ကလည်း စကားလွန်မှာစိုးလို့ပါ"

"ကျွန်မ အိမ်မှာမရှိရင်မဖြစ်ဘူး၊ သူ့နေရေးထိုင်ရေးလည်း စိမ်မှုဖြစ်မယ်"

"ဒါတော့စိတ်ချပါ။ ကျွန်တော့်တိုက်မှာပဲထားပြီး စောင့်ရှောက်ပါ့မယ်။ ဒီလိုမှ မဟုတ်ဘူး၊ တခြား ယုံကြည်စိတ်ချရတဲ့ အိမ်ရှိရင်လည်း အဲဒီမှာထားတာပေါ့"

"ခွင့်ပြုမယ်ဆိုရင် ဒီမှာပဲ နေချင်ပါတယ်"

ကျွန်မ ထိုကဲ့သို့ သွက်လက်စွာ ပြောလိုက်ခြင်းမှာ ကိုတင်မောင်ရွှေသည် ရိုးသားတည်ကြည်၊ သူ့မယားအား ချစ်သည်။ ဣန္ဒြေရသည်စသော သတင်းများကို တင်ကူးရရှိထားသောကြောင့် ဖြစ်ပါသည်။

"မမတို့နဲ့ နေမယ်ဆိုရင် မမနဲ့လည်း အဖော်ရတာပေါ့"

ထိုစကားမှာ ခင်မြင့်ရီ၏ ဝန်ခံချက်ဖြစ်ပါသည်။ ဘယ်ဇနီးမယားမဆို ကိုယ့်အိမ်တွင် လူစိမ်းမိန်းမပျိုတစ်ယောက် နေထိုင်ခြင်းကို သဘောမတူကြသည်က များပါသည်။ ကျွန်မ ခင်မြင့်ရီ၏ စိတ်သဘောကို အတွင်းကျိတ်ချီးမွမ်းမိပါသည်။

ထိုနေ့ည ရထားနှင့်ပင် မိခင်ကြီးအား ဘူတာသို့လိုက်၍ပို့လိုက်ပါသည်။ ကောလိပ်ကျောင်းနေစဉ် နှစ်နှစ်ခန့်ခွဲဖူးသဖြင့် အနည်းငယ် ဝမ်းနည်းရုံမှအပ စိတ်ကိုမထိခိုက်လှပါ။

* * *

mgyoe.com

"မခင်သောင်း ... ခဏဟေ့"

နောက်တစ်နေ့ နံနက်စာပြီးသဖြင့် ကျွန်မ အခန်းသို့သွားမည် အလုပ်ကိုတင်မောင်ရွှေက ခေါ်လိုက်ခြင်း ဖြစ်ပါသည်။

"ဟုတ်ကဲ့ ... ဦးလေး"ဟု ထူးရင်း သူ့ရှေ့သို့လျှောက်ခဲ့ပါသည်။ သူ့အား အများအားဖြင့် ဆရာဟု ခေါ်ကြပါသည်။ တချို့က သူဌေးဟုပင် ခေါ်ကြရာ သူမနှစ်သက်ပါ။ ကျွန်မကမူ သူ့အား ဦးလေးသဖွယ် နောက်နောင်ပိုးဇာတ်ထုပ်မခင်းနိုင်ရန် မိန်းမပါးလုပ်ပြီး ခေါ်လိုက်ခြင်း ဖြစ်ပါသည်။ သူ့ရှေ့တွင်ထိုင်မိလျှင် ကျွန်မအား ခြေဆုံးခေါင်းဆုံး ကြည့်နေရာ ကျွန်မမှာ မနေတတ်အောင်ပင်ဖြစ်၍ သွားပါသည်။

"ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစောဆိုတဲ့ တစပဥ္စက ကောဋ္ဌာသ ကြားဖူးရဲ့လား"ဟု မေးပါသည်။ အင်း ... ကမ္မဋ္ဌာန်းတရားများ ဟောဦးမလားဟု တွေးမိကာ–

"ကြားဖူးတယ် ဦးလေး၊ ဒါပေမဲ့ ကောင်းကောင်း နားမလည်ပါဘူး"

"လူတစ်ယောက်ရဲ့ အလှအချောမှာ အဲဒီငါးပါးပြည့်စုံရင် ပြီးတာပဲ၊ ကေသာဆိုတာ ဆံပင်၊ ဒီတော့ ဆံပင်ဟာ နက်မှောင်ပြီး အရောင်ကောင်းရမယ်။ အသင့်အတင့်ရှည်ရမယ်။ မခင်သောင်းဆံပင်ဟာ နက်မှောင်တယ်။ ဒူးခေါက်ကွေးလောက် ရှိမယ်ဆိုတော့ တစ်အချက်ပြည့်စုံပြီ။ လောမာ–

ဟင် ... ဘာတွေ လျှောက်ပြောဦးမှာလဲဟု ရှက်သလိုဖြစ်ကာ သူ့မျက်နှာကို ဆတ်ခနဲ ကြည့်မိပါသည်။ သူကား ဣန္ဒြေမပျက်။

"လောမာဆိုတာ မိန်းမတို့အဖို့ မျက်ခုံးမွေးကောင်းရမယ်၊ မခင်သောင်း မျက်ခုံးမွေးက ပါးတယ်။ ဒါပေမဲ့ မိတ်ကပ်နဲ့ပြင်လို့ရနိုင်တော့ နှစ်အချက်ပြည့်စုံပြီ။ နခါဆိုတဲ့ ခြေသည်း၊ လက်သည်းလည်းမဆိုးဘူး။ ဒန္တာဆိုတဲ့ သွားက ဖြူဖွေးညီညာသသားပဲ။ တစောဆိုတဲ့ အရေကတော့ အသားမလတ် တလတ်မို့ သိပ်မဟန်ဘူး။ ဒါပေမဲ့ မိတ်ကပ်က ကူနိုင်တယ်။ နှုတ်ခမ်းနည်းနည်းကလေး မဖြစ်စလောက်ထူတာလည်း မိတ်ကပ်ကူပေါ့။ တစ်ခုအဖိုးတန်တာက ကော့နေတဲ့ မျက်တောင်ရယ်၊ ပြူးကျယ် ကြည်လင်တဲ့ မျက်လုံးရယ်ဟာ ပိတ်ဖြူပေါ်မှာ မခင်သောင်းရုပ်ကို မြင်သူတိုင်း စွဲကြမှာပဲ"

mgyoe.com

နွားတစ်ကောင်ဝယ်ယူရမည့် လယ်သမားတစ်ယောက်ကဲ့သို့ သွားဖြဲကြည့်ခြင်း၊ နားရွက်ဆွဲ၊ အမြီးကိုင် မပြုလုပ်ရုံမှအပ ကျွန်မ တစ်ကိုယ်လုံးကိုကြည့်ရှုကာ ဝေဖန်လိုက်ပါသည်။ နောက်ဆုံးဝေဖန်ချက်ကား ကျွန်မစိတ်တွင် ပီတိဖြစ်မိပါသည်။ ထိုအခိုက်တွင် အသက် ၂၀ ကျော်ခန့် လူရွယ်နှစ်ယောက်၊ အသက် ၃၀ ကျော်ခန့် မိန်းမတစ်ယောက် ထပ်ရောက်လာကြပါသည်။ အားလုံး ရုပ်ရှင်ပညာသည်များဟုလည်း အကဲခတ်မိပါသည်။ ဦးလေးကပင်–

"လာကြပြီလား ... ဒီကိုလာကြဟေ့"ဟု ဆီး၍ခေါ်ပါသည်။ ခပ်လှမ်းလှမ်းတွင် ကျွန်းသား ချောဆေးသုတ်ခုံရှည်နှစ်ခုနှင့် မတ်တတ်ကုလားထိုင်ရှစ်လုံးရှိပါသည်။ "ကျွန်တော်တို့ ဒီမှာပဲ ထိုင်ပါ့မယ်"ဟု ကုလားထိုင်များတွင် ထိုင်ကြပါသည်။ ဦးလေးနှင့် မျက်နှာချင်းဆိုင် ဆိုဖာများတွင် မထိုင်ရဲကြရှာပါ။ ဦးလေးက မိန်းမအား လှမ်းကြည့်ကာ–

"လာစမ်း ... မနုစိန်၊ မခင်သောင်းကို မိတ်ကပ်လုပ်ပေးစမ်း၊ ကဲ... မခင်သောင်း မင့်အခန်းထဲသွားကြ"

ကျွန်မနှင့် မနုစိန်ဆိုသူသည် ကျွန်မအခန်းထဲသို့ လာခဲ့ကြပါ သည်။ ကျွန်မ အခန်းထဲ၌ ကိုယ်လုံးပေါ်မှန်ကြီးတစ်ချပ် ရှိပါသည်။ အခန်းထဲသို့ ရောက်လျှင် မနုစိန်က "ကဲ ... မခင်သောင်း မျက်နှာသစ်လိုက်ဦး"ဟု ပြောရာ အံ့အားသင့်သွားပါသည်။ ကျွန်မ မျက်နှာမှာ သနပ်ခါးရည်ကြဲပေါင်ဒါပါးပါးနှင့် သပ်သပ်ရပ်ရပ် ရှိနေ၍ ဖြစ်ပါသည်။

"မိတ်ကပ်လုပ်တဲ့အခါ မျက်နှာပေါ်ရှိတဲ့ဟာတွေ ရှင်းပစ်ရတယ်" ထိုအခါကျမှ ဖစ်လတာထဲက ရေကို ဖန်ခွက်တစ်လုံးတွင် ထည့်ယူပြီးလျှင် ပြတင်းပေါက်သို့သွားကာ သစ်ချလိုက်ရပါသည်။ မနုစိန်တွင် ပိုးလွယ်အိတ်ကလေးပါလာရာ ထိုအထဲမှ မိတ်ကပ်ဘူးတစ်ဘူး၊ ပေါင်ဒါဘူးတစ်ဘူး၊ မျက်နှာပေါင်ဒါညှိသည့် ပတ်တစ်ခု၊ ပါးနီ နှုတ်ခမ်းနီခြယ်သည့်လစ်ပ်စတစ်ခု ကျွန်မ မသုံးဖူးသော ခဲတံတစ်ချောင်း ဖြစ်ပါသည်။

ပန်းရောင် မိတ်ကပ်ဘူးထဲမှ လက်ညှိုးနှင့်ကော်ပြီး ကျွန်မအားကလေးသဖွယ် ပြုပြင်ပေးနေသည်မှာ တစ်ခါတစ်ရံ မျက်တောင်မွေးထဲ

mgyoe.com

mgyoe.com


မိတ်ကပ် အစအန ဝင်သဖြင့် အခံရခက်ပါသည်။ မိတ်ကပ်ပြီးလျှင် ပေါင်ဒါနှင့် ဆောင့်ကာ ဆောင့်ကာ ညှိ၍ပေးသည်မှာလည်း အတော် အောင့်သက်သက်နိုင်လှပါသည်။ ထိုမှတစ်ဖန် နှုတ်ခမ်းကို သူကြိုက်သလို ဟာပေးရပြီး နှုတ်ခမ်းနီအဖြစ်ခြယ်ပေးရာ ကျွန်မနှုတ်ခမ်းအတော်လှသွားပါသည်။ ခဲတံမှာ အမည်းလိုရာတွင် ခြယ်ရခြင်းဖြစ်ရာ မျက်ခုံးမွေး သေးသေးမျှင်မျှင် ပီပီသသ ဖြစ်သွားပါသည်။

"မခင်သောင်းရုပ်ကတော့ ရုပ်ရှင်ပရိသတ် အသည်းစွဲဖြစ်မှာပဲ၊ အိုက်တင်တို့ ဘာတို့သာ လိုတော့တာပဲ"

မနုစိန်သည် သူ့ပစ္စည်းများကို သိမ်းဆည်းရင်း မှန်ရိပ်တွင် ပီတိဖြစ်နေသော ကျွန်မအား ချီးကျူးလိုက်ပါသည်။ ကျွန်မတို့ အပြင်ထွက်လာသောအခါ အလွန်လင်းသောဓာတ်မီး (နောက်မှ ဆလိုက်မီးမှန်းသိပါသည်) သုံးပွင့်နှင့် ကင်မရာမင်း အသင့်ရှိနေပါသည်။ ဦးလေးက–

"ဘတ်စ် (ကိုယ်တစ်ဝက်သာသာ) သုံးမျိုးရိုက်ဟေ့"

ကင်မရာမင်းသည် အနေအထား အနည်းငယ်ပြင်ပေးပြီးနောက် ဘယ်ဘက်ဆောင်းမစောင်းတစောင်းတစ်ပုံ၊ ညာဘက်ဆောင်း မစောင်း တစောင်း တစ်ပုံ၊ ရှေ့တည့်တည့်မှတစ်ပုံ ရိုက်ယူလိုက်ပါသည်။

"ဆေးပြီးကူးခဲ့စမ်းဟေ့"

ကင်မရာမင်း အောက်ထပ်သို့ ဆင်းသွားပါသည်။ အောက်ထပ်မှာ အလုပ်ခန်း၊ စတိုခန်း၊ ကင်မရာဖလင် ကော်ပြားဆေးသောအခန်း စသည်တို့ရှိပါသည်။ နာရီဝက်အတွင်းမှာပင် ကင်မရာမင်းသည် ဓာတ်ပုံ သုံးခုကိုယူ၍ ပြလေရာ ကျွန်မ အတော်အံ့အားသင့်သွားပါသည်။ ကျွန်မတို့ မြို့မှာဆိုလျှင် အမြန်ဆုံး ကူးပေးပါဆိုသည်တိုင်အောင် နှစ်ရက် သုံးရက်ခန့် ကြာပါသည်။ ယခုမူ နာရီဝက်နှင့် ပြီးခဲ့သောကြောင့် ဖြစ်ပါသည်။

ဦးလေးသည် တစ်ပုံစီ သေသေချာချာ ကြည့်ရှုနေပါသည်။ သူ့အမူအရာမှာ အတော်သဘောကျနေပုံ ရပါသည်။ ကျွန်မအားကြည့်ကာ–

"မခင်သောင်းက အနေရိုးတာကိုးကွ၊ မခို့တရို့လေးဆိုရင် သာပြီးဟန်ကျမှာပဲ"

mgyoe.com

"အစက အဲဒီလိုပြောရင် နေပြမှာပေါ့ ဦးလေးရဲ့"

"အေး ... အခုလည်း စမ်းကြည့်ရမှာပဲကွယ်"

အခြား ရုပ်ရှင်မင်းသမီးသစ်တွေ ကုမ္ပဏီရောက်လျှင် သူတို့အား ဘယ်လို စမ်းသပ်ကြသည်မသိ၊ ကျွန်မအဖို့မှာကား အတော်ပင်ပန်းပါသည်။ ကျွန်မသည် အင်္ဂလိပ်ဘာသာနှင့် ထုတ်ဝေသော ရုပ်ရှင်နှင့် ပတ်သက်သည့် စာနယ်ဇင်းများကို အမြဲမပြတ် ဝယ်ယူဖတ်ရှုခဲ့ပါသည်။ နာမည်ကျော် မင်းသမီးများ၏ အိုက်တင်ပုံများရုပ်ပုံနှင့် ပါလာတတ်ရာ မှန်ကြီးတစ်ချပ်ရှေ့တွင် အကြိမ်များစွာ လေ့ကျင့်ခဲ့ပါသည်။

"ရုပ်ရှင်၊ ပြဇာတ်၊ သဘင်သည်ဆိုတာ အတော်ကြောင်ရဲရတယ်။ ကိုယ့်ဆိုင်ရာတာဝန်ကို လုပ်နေတဲ့အခါ ဘယ်သူ့မှ ဂရုမစိုက်ရဘူး"

ဦးလေးသည် ကျွန်မအားကြည့်ကာ ပြောနေပါသည်။ ထိုနောက် ကုလားထိုင်များရှိရာသို့ ထ၍သွားကြကာ ကျွန်မမှာ ကုလားထိုင်တစ်လုံးတွင် ထိုင်ရ၍ ဦးလေးနှင့် မနုစိန် အခြားလူရွယ်နှစ်ယောက်မှာ ကျွန်မနှင့် မျက်နှာချင်းဆိုင် ထိုင်ကြပါသည်။

"ကဲ ... မခင်သောင်း ကျေနပ်တဲ့ အမူအရာနဲ့ ပြုံးပြုံးကလေးလုပ်ပြစမ်း" ဗလာသက်သက်ခိုင်းသဖြင့် ကျွန်မ ကြောင်သွားပါသည်။ အကယ်၍ ရုပ်ရှင်ရိုက်ကူးစဉ် လုပ်၍ပြရက အရေးမကြီးပါ။

"လုပ်ပြလေ ... မခင်သောင်း"

ကျွန်မ မနေသာတော့ပါ။ မျက်နှာကို ပြုံးပြုံးကလေးလုပ်ပြရပါသည်။ သူကျေနပ်ပုံရပါသည်။ နောက် ဆက်လက်၍ စိုးရိမ်သည့် အမူအရာ၊ ကြောက်လန့်သည့်အမူအရာ၊ စိတ်ညစ်၍ မှိုင်တွေချနေပုံ စသည်ဖြင့် လူ့လောက၊ လူ့သဘာဝနှင့် ပတ်သက်သော ဖြစ်ပျက်တတ်သည့် အိုက်တင်အမျိုးစုံကို လုပ်ပြခိုင်းပါတော့သည်။ နောက်ဆုံးခိုင်းသည်မှာ–

"ကဲ ... မဲ့ပြုံးကလေး လုပ်ပြစမ်း"တဲ့။

"အို ... ဦးလေးကလည်း ကျွန်မ လော့ဂျစ်သဘော နားလည်ပါတယ်။ အထိုင်နဲ့အထ တစ်ပြိုင်နက် လုပ်မရသလို အမဲ့ရဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ အပြုံးနှစ်ခု တစ်ပြိုင်နက် ဘယ်မှာလုပ်လို့ရမလဲ"

mgyoe.com

mgyoe.com

"တစ်ပြိုင်နက် ဘယ်ဟုတ်မလဲ။ ပထမမဲ့နေရာက ချစ်သူစိတ်ညစ်မှာစိုးလို့ တဖြည်းဖြည်း ပြုံးလာရတာမျိုးကွဲ့၊ ကဲ ... လုပ်စမ်း"

ကျွန်မ လုပ်၍ပြရပါသည်။ ထိုအကြိမ်၌ ကျွန်မ စိတ်ကူးထဲမရဘဲ ပြုံးလိုက်စဉ် မျက်တောင်စုံ နှစ်ကြိမ် သုံးကြိမ် ခတ်မိရာ "ဟုတ်သဟေ့ ... ကောင်းသဟေ့ ... ဒီအမူရာ မှတ်ထား"ဟု အားပါးတရ ချီးကျူးပါတော့သည်။

"ကဲ ... လှိုက်လှိုက်လှဲလှဲ မျက်ရည်ထွက်အောင် ငိုပြစမ်း"တဲ့။

ရုပ်ရှင်မင်းသမီးအဖြစ် ကျွန်မ ဖြေဆိုရသော အခက်အခဲတွင် ဤကွက်ရှင်သည် အခက်ဆုံး ဖြစ်ပါသည်။ အရူးမဟုတ်၊ အကောင်းမဟုတ် မျက်ရည်ထွက်အောင် ငိုပြီးပြရမတဲ့။

"အို ... ဦးလေးကလည်း ဘယ်လုပ်လို့ရမလဲ"

"ကျင့်ရင် ရပါတယ်ဟ။ ခင်ရီတို့၊ မေဝင်းတို့ နာမည်ကြီးတာ။ ဒါကြောင့် ငိုဆိုရင် တကယ်ပစ်ငို လိုက်နိုင်ကြတာပဲ။ အေးလေ ... နောက်မှ ကျင့်ပေါ့"

ဟု ရုပ်ရှင်မင်းသမီး အစမ်းစာမေးပွဲကို အပြီးသတ်လိုက်ပါသည်။

* * *

ဦးလေးအိမ်သို့ ရောက်ရှိ၍ လေး၊ ငါးရက်ကြာလျှင် ကျွန်မမှာ အိမ်သူအရင်းအချာ တစ်ယောက်ကဲ့သို့ ဖြစ်၍နေပါသည်။ ကုမ္ပဏီ၏ အပေါ်ထပ်တွင် တစ်အိမ်သားလုံးမှ ဦးလေးဦးတင်မောင်ရွှေ၊ အစ်မ ခင်မြင့်ရီ၊ ထမင်းချက်ဒေါ်မြ၊ ကျွန်မပါ လေးယောက်တည်း ဖြစ်ပါသည်။ ဦးလေးသည် ကျွန်မအား ရုပ်ရှင်ပညာနှင့်ပတ်သက်သောအကြောင်းများ အမြဲပြောပြသွန်သင်လေ့ရှိပါသည်။ ကျွန်မအား ဇာတ်ထုပ်တစ်ခုတွင် ဇာတ်လိုက်မင်းသမီးအဖြစ် ရွေးချယ်မည်ဟု ပြောထားသဖြင့်လည်း ပျော်မဆုံးအောင် ဖြစ်နေပါသည်။

ကျွန်မအား မတစ်လုံးဖြုတ်ပြီးလျှင် ခင်သောင်းဟုခေါ်၍ ငါနှင့်ပြောပါသည်။ ရိုးသားသော အသုံးအနှုန်းဖြစ်၍ ကျေနပ်ပါသည်။ သူ့ကို

mgyoe.com

m.gyoe.com


ကျွန်မ ကြည်ညိုသည်။ ချစ်မိသည်။ သူ့တွင် မယားကြီးရှိသဖြင့် ကျွန်မ၏ အချစ်သည် ဦးလေးသားချင်းအချစ်မျိုးဟု ထင်ခဲ့သည်။ သို့သော် သို့သော် ထိုအကြောင်းများကို နောက်မှ ဆက်လက်ရေးသားပါမည်။

နှာတံပေါ်နားရွက်ကား၊ စူးရှကြည်လင်သော မျက်လုံး၊ ဝါဝင်းသောအသားနှင့် သူ့ရဲ့မျက်နှာအနေအထားကို ကျွန်မ မကြာခဏ ကြည့်မိသည်။ သူကတော့ ကျွန်မအား တူမလို တပည့်လို သဘောထားဟန်တူပါသည်။ သူသဘောမကျလျှင် မည်သူ့ရှေ့မှာဖြစ်ဖြစ် "တယ် ... ဒီကောင်မလေး" ဆိုပြီး သူ့လက်ဝါးကြီးနှင့် ကျောပြင်ကို ဖြောအသွင်နှက်တတ်ပါသည်။ ထိုသို့ သူက ဆုံးမသည်ကိုပင် ကျွန်မ သဘောကျမိပါသည်။

အမှန်တော့ ကျွန်မဟာ အတော် ဆတ်ကော့လတ်ကော့နိုင်ပါသည်။ လုံချည်လဲလျှင် ကွင်းလိုက်ပုံချပြီးလျှင် ခြေနှင့်ကော်ကာ တစ်နေရာတွင် ထားတတ်ပါသည်။ လုံချည်ပြင်ဝတ်လျှင်လည်း သုံးလေးခါဖြန့်ပြီးမှ ဝတ်လေ့ရှိရာ မမြင့်ကပင် ထိုသို့မဝတ်ရန် ဆုံးမရပါသည်။ တစ်ခါတစ်ရံ ကြမ်းတွင်ချထားသော ပစ္စည်းတစ်ခုကို ဘောကန်သလို ခလုတ်တိုက်မိသည့် အကြိမ်ပေါင်းလည်း မရေမတွက်နိုင်ပါ။

ကုမ္ပဏီမှ ဇာတ်ထုပ်တစ်ထုပ် ရိုက်ကူးဆဲဖြစ်ရာ ဦးလေးသည် ကျွန်မအား မကြာခဏ ခေါ်သွားပါသည်။ "အတော်ကြောင်ရဲ့ရတယ်" ဆိုသောစကားကို ကျွန်မ နားလည်ပါတော့သည်။ အပြင်ခန်းရိုက်ကူးရာ၌ နေပူကျဲကျဲတွင် မသက်သာလှကြပါ။ တစ်ခါတစ်ရံ မှန်ရောင်ပြား စသည်တို့နှင့် အလင်းရောင်ထိုးရသေးရာ ဘယ့်လောက် မျက်လုံးကျိန်းကြရှာမလဲပဲ။

ဦးလေးသည် "သဘာဝ"ကို အထူးဂရုစိုက်သူ ဖြစ်ပါသည်။ တစ်နေ့ အတွင်းခန်းတစ်ခန်းဖြစ်သည့် မိန်းမပျိုနှင့် ယောကျ်ားပျို ချစ်ဖျူပြာကျင်းပုံကို ရိုက်ကူးပါသည်။ ဦးလေးမှာ ဒါရိုက်တာ၏ဘေးက ရပ်နေရာက 'ဟေး... ဟေး ... နေဦး၊ အစက ပြန်ရိုက်"ဟု တားလိုက်ပါသည်။ ထိုအခန်းမှာ မင်းသားက မင်းသမီးအား ပွေ့ဖက်ရမည့်အခန်း ဖြစ်ရာ ပွေ့ဖက်ပုံ သဘာဝ မကျ၍ ထပ်မံအရိုက်ခိုင်းခြင်း ဖြစ်ပါသည်။ "သူရာနဲ့မေတ္တာခေတ် မဟုတ်ဘူးကွ"ဟုပင် ပြောပါသေးသည်။

m.gyoe.com

mgyoe.com

ထိုတွင်မျှမက နမ်းသောအခန်းမှာ နှာခေါင်းနှင့်ပါး တကယ်ထိပြီး နမ်းရမည်။ ဟန်လုပ်မပြရဟုပြောရာ မင်းသမီးက ထိုအထိ သဘောမတူ သဖြင့်သာ လက်လျှော့ထားရသည်ဟု သိရပါသည်။ ကျွန်မအလှည့်များ ရောက်လျှင်တော့ ကျွန်မ ရင်ဖိုမိပါသည်။

"ခင်သောင်း ငါ ဇာတ်ညွှန်းတစ်ပုဒ်ရေးနေတာ ပြီးလုပြီ၊ နင်ရောက် လာမှ ဒီစိတ်ကူး ငါရတယ်"

၁၀ ရက်ခန့်အကြာတွင် ကျွန်မ အခန်းပေါက်တွင် ရပ်လာကာ ပြောဆိုခြင်း ဖြစ်ပါသည်။ ကျွန်မလည်း ကြည့်နေသော ရုပ်ရှင်မဂ္ဂဇင်းကို စားပွဲပေါ်ပစ်တင်ခဲ့ပြီးလျှင် သူ့ဆီသို့ရောက်လာကာ–

"ဇာတ်လိုက်မင်းသမီးအဖြစ် ကျွန်မ လုပ်ရမှာလား"

"အေး ... နင်ပေါ့"

"အနို့ ... မင်းသားကော ရွေးပြီးပလား"

"ငါနဲ့လေ"

"ဟင် ... ဟု ပါးစပ်အဟောင်းသား ဖြစ်သွားပါသည်။ သူကတော့ ခပ်တည်တည်ပင် ကျွန်မအား ကြည့်ရှုရင်း..."

"အလွန်သဘာဝကျတဲ့ ဇာတ်လမ်းတစ်ခု ဖြစ်မယ်၊ ဇာတ်လိုက်မှာ လည်း ငါနဲ့နင် တွဲမှ ပိုပြီးကောင်းမယ်"

"ဦးလေးက ပိုပြီးနားလည်တာပဲ၊ ဦးလေးသဘောပေါ့"

"ပညာသည်တွေဟာ ပေါ့ပေါ့ဆဆ လုပ်တတ်ကြတယ်။ ဦးလေးက ဒီလိုပေါ့ဆတာ သဘောမကျဘူး။ သမီးရည်းစားဆိုရင် ကိုယ့်စိတ်ထဲမှာ တကယ်ချစ်နေတဲ့ သမီးရည်းစားစိတ် သွင်းထားရမယ်။ လင်မယားဆိုရင် လည်း တကယ့်လင်မယားစိတ်မျိုးထားရမယ်။ ကားရိုက်ပြီးတဲ့နောက် ဒီစိတ်တွေ ဖျောက်ပေါ့"

"သမီးရည်းစားဘဝ ကစ်စလုပ်တာကော ဦးလေးရယ်"

"အေး ... တကယ်နမ်းရမယ်၊ ဟန်မလုပ်ရဘူး"

ကျွန်မ ကျောချမ်းသွားပါသည်။ သူလည်း ရိပ်မိဟန်နှင့်–

"ဘာလဲ နင်က မလုပ်ချင်ဘူးလား"

mgyoe.com

"ဦးလေး ကောင်းတယ်ထင်ရင် လုပ်ပေါ့"

သူ ကျွန်မအား ခပ်တည်တည် ကြည့်ပြီးလျှင် ထွက်ခွာသွားပါသည်။ ဦးလေးထွက်သွားမှ ကျွန်မကိုယ်ကို ကြည့်မိပြီး ကျွန်မပါးကို ကျွန်မ ချပစ်လိုက်ချင်ပါသည်။ ကျွန်မ၏ အင်္ကျီကြယ်သီး လည်ပင်း အောက်ကနှစ်လုံး ပြုတ်နေ၍ ဇာဆောင်လီမှာလည်း လျော့ရဲရဲဖြစ်နေသည်ကို တွေ့ရသောကြောင့် ဖြစ်ပါသည်။

သုံးရက်ခန့်ကြာသောအခါ ဦးလေးသည် သူရေးထားသောဇာတ်ညွှန်းကို ဖတ်ကြည့်ရန် ပေးလာပါသည်။ ကျွန်မ ရုပ်ရှင်ရူးဖြစ်လင့်ကစား ဇာတ်ညွှန်းဆိုသည် ဘယ်လိုလဲဟု မသိပါ။ ပထမစာရွက်တွင် ဆိုင်နေဘ ပစစ်ခေါ် ဝတ္ထုဇာတ်လမ်းအတိုချုပ် ရေးထားပါသည်။ နောက်ဇာတ်လိုက်များ၊ ဇာတ်ရန်များအမည်၊ ဇာတ်လိုက်များ၏ အမူအကျင့် (Scene) ဆင်းခေါ်သည့် မြင်ကွင်း၊ အပြင်ခန်း၊ အတွင်းခန်း၊ သူ့အမှတ်နှင့်သူ ရေးထားပါသည်။

နောက်ပိုင်း စာမျက်နှာများတွင်ကား လျှောက်လွှာစက္ကူပေါ်တွင် လက်ဝဲဘက်မှ တစ်လက်မခွဲခန့် အကွက်သုံးကွက်မျဉ်းချ၍ လက်ယာဘက်တစ်ဝက်လောက်တွင် အိုက်တင် ဘယ်လိုလုပ်၊ တိုင်တယ်လ်ခေါ် စကားပြောပုံတို့ကို ရေးသားထားပါသည်။ ပထမသုံးကွက်မှာ ပေတွက်အဖြတ်နံပါတ်၊ ဓာတ်ပုံအနေအထားဟူ၍ အစဉ်အတိုင်းဖြစ်ကြောင်း မေးမြန်း၍ သိရှိရပါသည်။ အသေးစိတ်မကျန် ရေးသားထားသည့်အတွက် ထိုဇာတ်လမ်းတွင် ကပြရန် မလွယ်ကူဟု ထင်မြင်မိပါသည်။

ဇာတ်လမ်း အတိုချုပ်မှာ အမျိုးသား ကျောင်းဆရာကြီး အသက် ၃၀ ခန့်ရှိ ဦးတင်မောင်သည် အပျိုပေါက်၊ လူပျိုပေါက် ကျောင်းသူကျောင်းသားများအား ၁၀ တန်းစာမေးပွဲနီးသဖြင့် နေ့အချိန်သာမဟုတ်၊ ညအချိန်ပါ ၎င်း၏နေအိမ်တွင် သင်ကြားပေးရာက စပါသည်။

ကျောင်းသူထဲတွင် ဆံတောက်ဖားကြီးနှင့် ခင်သောင်းဟူသော ၁၆နှစ်အရွယ် သူငယ်မတစ်ယောက်ပါပါသည်။ ဆရာတင်မောင်သည် ခင်သောင်းအား အခြားကျောင်းသူများထက် ပို၍ ချစ်ပုံရပါသည်။ ခင်သောင်းမှာ

mgyoe.com

လူချမ်းသာ မြေပိုင်ရှင်တစ်ဦး၏သမီးဖြစ်၏။ ခင်သောင်း၏ ဖခင်မှာ အဖေအရင်းမဟုတ်၊ ပထွေးဖြစ်၏။ ခင်သောင်းအား အပိုင်ကြံရန် ကြိုးစားနေသူဖြစ်ရာ ခင်သောင်း၏မိခင်ကြီးက အမြဲစောင့်ရှောက်သဖြင့် ဘာမျှမဖြစ်ခဲ့ပေ။

ခင်သောင်းသည် သူ၏ ကိုယ်ရေးကိုယ်တာအတွက် စိုးရိမ်လှသဖြင့် ဆရာတင်မောင်အား တိုင်ပင်ရာ ဆရာတင်မောင်သည် သူစောင့်ရှောက်မည်ဟု မသိနားမလည်သော ကလေးမအား ဖက်ရမ်းနမ်းရှုပ်ရာက တစ်ဦးနှင့်တစ်ဦး ချစ်ခင်သွားကြသည်။ ညကျောင်းသား၊ ကျောင်းသူတို့ လစ်တိုင်း ဆရာတင်မောင်သည် ခင်သောင်းအား သူ၏အခန်းထဲသို့ခေါ်ကာ ချစ်ဗျူဟာကျင်းကြ၏။

ခင်သောင်းမှာ အပျိုရိုင်းကလေးဖြစ်ရာ ဆရာတင်မောင်အား ခိုးယူပြေးရန် ပြောဆိုပူဆာသဖြင့် ခိုးယူထွက်ပြေး၏။ ခင်သောင်း၏ မိဘကအသက်မစေ့သေးသူ ခိုးယူပေါင်းသင်းမှုနှင့် ပုလိပ်ထံတိုင်ကြား၏။ နောက်ဖမ်းမိ၍ ရုံးတင်တရားစွဲသောအခါ ဆရာတင်မောင်မှာ ပုဒ်မ ၃၆၃ နှင့်ထောင်ခြောက်လ ကျသွား၏။

ဇာတ်လမ်းကား အတော်ကောင်းပါသည်။ ဦးလေးကလည်း နင်သယ်နိုင်ရင် သယ်သလိုကောင်းမည်ဟု ပြောပါသည်။ ရုံးတင်စစ်ဆေးသောအခါ မိဘသင်ပေးသည့်အတိုင်း ဓားပြ၍ အတင်းခြိမ်းခြောက်ခေါ်ဆောင်ကြောင်း ထွက်ဆိုမိရာ ထောင်ကျသောအခါ ဝမ်းနည်း ပမ်းနည်း ကလေးပမာ ငိုကြွေးရမည့် အခန်းလည်းပါသဖြင့် "ကဲ ... ခင်သောင်းဗြုန်းခနဲ မျက်ရည်ကျပြီး ငိုတတ်အောင် ကျင့်တော့" တဲ့။ တကယ့်အရှုးပါပဲရှင်၊ မှန်ကြီးရှေ့မှာ ငိုလိုက်ရတဲ့ဖြစ်ခြင်း။

ဇာတ်ညွှန်းထဲမှာ ကျွန်မ အသည်းယားသော အခန်းများလည်း ပါပါသည်။ ၎င်းတို့မှာ—

ဆရာတင်မောင် ခင်သောင်းအား ပွေ့ယူလိုက်သည်ကို—

ဆရာတင်မောင် ခင်သောင်း၏ ပါးပြင်နှစ်ဖက်ကို တစ်လှည့်စီအားပါးတရ နမ်း၍နေသည်ကို—

ခင်သောင်း ရှက်ကြောက်သော အမူအရာဖြစ်နေသည်ကို

mgyoe.com

ဆရာတင်မောင် ခင်သောင်းအားကြည့်ကာ–

T.35 ခင်သောင်း ဆရာ့ကိုစိတ်ဆိုးသလား ဟုပြော–

ခင်သောင်း ငှဲညှာသော အမူအရာနှင့် တင်မောင်အားကြည့်ကာ–

T.36 ဆိုးပါဘူးဆရာ ဟုပြော–

ဤအတိုင်းတွေ့ရရာ မည်သည့်မိန်းမပျိုမဆို အသည်းမယားဘဲ မနေနိုင်ပါ။ ကျွန်မကိုယ်တိုင်မှာ ယောကျ်ားပျိုတစ်ဦးနှင့် တွေ့ဆုံဖူးသူ မဟုတ်သဖြင့် အဘယ်မျှ ရုပ်ရှင်ရှူးစေကာမူ ဤမျှ လိုက်လျောရန်မှာ အတော်ဝန်လေးနေပါသည်။ အကယ်၍ မလိုက်လျောလျှင်လည်း ကျွန်မ ရုပ်ရှင်မင်းသမီး ဖြစ်နိုင်တော့မည် မဟုတ်ပါ။

ဇာတ်ညွှန်းဖတ်ပြီးနောက် မကြာခင် ရုပ်ရှင် စတင်ရိုက်ကူးတော့မည်အကြောင်း သိရပါသည်။ တစ်နေ့တွင် ကျွန်မသည် အခန်းထဲ၌ ဝတ္ထုစာအုပ်တစ်အုပ်ကို ဖတ်ရှုနေရာ ဦးလေး အခန်းထဲသို့ဝင်လာပါသည်။ ကျွန်မ၏ ခုတင်ပေါ်ထိုင်လိုက်ကာ–

"ခင်သောင်း ပွဲမဝင်ခင် အပြင်ကကျင်းပဆိုတဲ့ စကားရှိတယ်။ ဒီတော့ အရေးအကြီးဆုံးအခန်းကို နင်နဲ့ငါ နှစ်ယောက်တည်း လုပ်ကြည့်ရမယ်"

မျက်နှာထားက ခပ်တည်တည်၊ ပြောလိုက်ပုံက အေးစက်စက် သူ ဘာလေ့ကျင့်မလဲ၊ ကျွန်မအား ပွေ့ဖက် အားပါးတရနမ်းမယ်။ ကျွန်မ အတပ်သိပြီး သေဟဲ့ မိချော၊ ရုပ်ရှင်မင်းသမီး လုပ်ချင်လိုက်ဦးဟု စိတ်ထဲက ကိုယ့်ကိုယ်ကို အပြစ်တင်မိပါသည်။

ကျွန်မမှာ ကုလားထိုင်တစ်လုံးတွင် ထိုင်နေရာ သူ့စကားကိုကြားရသဖြင့် မျက်လုံးပြူးကာ ကြည့်မိပါသည်။ သူကပင်–

"အို ... ဘာငေးနေတာလဲ ဒီကိုလာခဲ့"ဟု အမိန့်ပေးရာ ကျွန်မ သူ့ဆီသို့သွားမိပါသည်။ သူ့ဘေးတွင် မရဲတရဲနှင့် ထိုင်လိုက်ရပါသည်။ သူက လူပျိုကြီးဆရာတင်မောင်၊ ကျွန်မက ကျောင်းသူကလေး ခင်သောင်း အဖြစ် ကပြရပါတော့မည်။ ဆိုင်ရာအခန်းမှာ ဘယ်လိုအပြုအမူနှင့်နေရမည်။ ဘယ်လို ပြောဆိုရမည်ကိုလည်း ကျွန်မ အရကျက်ပြီး ဖြစ်ပါသည်။

"ညှိုးငယ်တဲ့အမူအရာနဲ့ ငါ့ကို မရဲတရဲ ကြည့်စမ်း"

mgyoe.com

mgyoe.com


ကျွန်မ သူ့အမိန့်အတိုင်း လုပ်ပြရပါသည်။ သူကလည်း အိုက်တင်ပါပါနှင့်–

"ဟဲ့ ... ခင်သောင်း၊ နင် ဘာဖြစ်လာသလဲ၊ မျက်နှာလည်း မကောင်းပါလားဟင်"

"အဲဒါ ... အဲဒါ ဆရာ့တိုင်ပင်မလို့ပဲ"

"ဘာလဲ ဘယ်လိုဖြစ်နေတာလဲ"

"ကျွန်မ ကျွန်မပထွေးဟာ မရိုးဘူးဆရာရဲ့၊ တစ်နေ့နေ့မှာ ကျွန်မ ဒုက္ခရောက်လိမ့်မယ်။ ဒါ ဘယ်လိုလုပ်ရမလဲ"

"ဒီလိုဆိုရင် ဆရာနဲ့ အတူတူနေ၊ ဆရာ စောင့်ရှောက်မယ်၊ နေမလား"

"ဟုတ်ကဲ့ ... နေပါ့မယ် ဆရာ"

"နင်က ဘယ်လိုနေချင်တာလဲ"

"ဆရာ့တူမလို သမီးလိုပေါ့"

"ဟယ် .... သွေးသား မတော်စပ်တာ၊ ဒီလို ဘယ်ဖြစ်မလဲ ခင်သောင်းရဲ့၊ ဆရာနဲ့ ဒီလိုနေပေါ့"

အထက်ပါစကားများမှာ ကျွန်မတို့ အပြန်အလှန် လေ့ကျင့်ပြောဆိုနေကြခြင်းဖြစ်ရာ နောက်ဆုံးစကားသို့ရောက်သောအခါ ကျွန်မအား တအားဖွေ့ယူလိုက်ပါသည်။ ကျွန်မ၏ ပါးပြင်နှစ်ဖက်ကိုလည်း တကယ်ပင် အားပါးတရ မွှေးပါတော့သည်။

"ခင်သောင်း ဆရာ့ကို စိတ်ဆိုးသလား"

"ဆိုးပါဘူး ဆရာ"

ဇာတ်ညွှန်းအတိုင်း ထိုသို့ပြောရသော်လည်း ကျွန်မမျက်နှာ တစ်ခုလုံး ရှက်သွေးလျှမ်းကာ ထူပူသွားပါသည်။

သူ့မှာ အရေးမကြီးသလို "အေး ... ဟုတ်ပယော့၊ ဒီအမူအရာ မှတ်ထား၊ သိပ်ကောင်းတာပဲ"ဟု ပြောကာ ထွက်ခွာသွားပါသည်။

* * *

mgyoe.com

mgyoe.com


ကျွန်မမှာ အိပ်ရာထလျှင် သနပ်ခါးရည်ကြဲကလေး လိမ်းကျံပြီးလျှင် ပေါင်ဒါမထူမပါး ထပ်ဖို့လေ့ရှိရာ သူထွက်သွားမှ ကိုယ်လုံးပေါ်မှန် ကြီးတွင် ကြည့်သောအခါ ပါးပြင်နှစ်ဖက် ပြောင်ကွက်နေပါသည်။ တကယ် ရက်ရက် စက်စက် နှာခေါင်းသရမ်းသွားသည်။ "စောကြွယ်ရယ် ငါငယ် ခိုက်ဟာမို့ မိုက်မိတယ်" ဟူသော စာနှင့်အကြောင်းအရာကို နားလည်ခဲ့သည့် ကျွန်မမှာ ကဲ ... မရွှေချော ရုပ်ရှင်မင်းသမီး လုပ်ချင်ဦးဟု အပြစ်တင်မိပါသည်။

ကိစ္စတစ်ခုဟာ ရုပ်ရှင်ရိုက်ကူးနေစဉ်သာ သက်ဆိုင်ရာစိတ်ထား မျိုးရှိပြီးလျှင် ရုပ်ရှင်ရိုက်ပြီးသည်နှင့်တစ်ပြိုင်နက် ထိုစိတ်တွေ ဖျောက်ဖျက် ပစ်ရမည်ဟု သူပြောပါသည်။ ကျွန်မ နားလည်သမျှမှာဖြင့် သူပွေ့ဖက်စဉ်က ကျွန်မတစ်ကိုယ်လုံး ရှိန်းဖိန်းသွားပါသည်။ တစ်သက်တာတွင် ရှေးဦးစွာ ယောကျ်ားတစ်ယောက်နှင့် ထိတွေ့ရသော အစိပ္ပာယ်မဖော်ပြတတ်သည့် အရသာတစ်မျိုးကို ခံစားလိုက်ရပါသည်။

သွေးဆူပျို့ရွယ်သော ကျွန်မမှာ အမှန်ရေးသားဖော်ပြရလျှင် ပါးပြင် နှစ်ဖက်ကို နမ်းရှုပ်စဉ်ကလည်း စိတ်ထဲ ရိုးတိုးရွတ ဖြစ်၍သွားပါသည်။ ဟဲ့ကောင်မ သူ့မှာ မယားကြီးနဲ့။ ပြီးတော့လည်း သူက နင့်ကို ဒီလိုရည်ရွယ် တာ မဟုတ်ဘူးဟု ကိုယ့်ကိုယ်ကို ကျိတ်နှိပ်ဆုံးမရပါတော့သည်။ ကျွန်မ အနမ်းခံမည့်အကြောင်း ကုမ္ပဏီရုပ်ရှင်ပရိသတ်များ ကြားသိနေကြပြီဖြစ်ရာ လုပ်လုပ်ကွ တကယ့်မင်းသမီးပဲဟ ကွယ်ရာတွင် အတင်း ပြောကြပါသည်။

ကျွန်မသာ ဤကဲ့သို့ စိတ်ဖောက်ပြားသွားသည်မဟုတ်။ သူလည်း ဖောက်ပြားသွားသည်ကို နံနက်စာ ထမင်းစားပွဲတွင် သိရှိရပါသည်။ သူသည် ရှေးက အလွန်ကြွေရလျက် ကျွန်မအား ဂရုမစိုက်သလိုနေခဲ့ရာ ယခုမှာမူ ကျွန်မမျက်နှာကို မကြာခဏ ကြည့်ပါသည်။ မမမြင့်ကတော့ မိန်းမရိုးကြီးမို့ ရိပ်မိဟန်မတူပါ။

ထိုအခါက ရုပ်ရှင်ဆက်မကတော့ဘဲ အိမ်ပြန်ပြေးမည်ဟုပင် စိတ်ကူး မိပါသေးသည်။ သို့ရာတွင် စပါးကြီးမြွေ အညှို့ခံရသူကဲ့သို့ တရစ်ဝဲဝဲဖြင့် ထိုအိမ်မှ ထွက်ခွာမသွားနိုင်ပါ။ သူဟာ ကြည့်ရှုပုံမရိုးသော် လည်း အပြုအမူ အနေအထိုင်မှာ သူ့စိတ်ကို သူထိန်းပြီးလျှင် အထူးစောင့် စည်းရှာပါသည်။

mgyoe.com

mgyoe.com


နောက်များမကြာခင် ရုပ်ရှင်ရိုက်ကူးကြပါသည်။ ကျွန်မမှာ မနုစိန် ပြုပြင်ပေးခြင်းဖြင့် ဆံတောက်ဖားဆံထုံးကြီးနှင့် ၁၆ နှစ်အရွယ် မခင်သောင်း ဖြစ်နေပါသည်။ တကယ်လည်း ၁၆ နှစ်အရွယ် ထင်မှတ်လောက်အောင် ရုပ်ရည်နုသည်ဟု ပြောကြသောအခါ သွေးနားထင်ရောက်သွားပါသည်။

ပထမဦးဆုံး ကျွန်မ ကပြရသောအခန်းမှာ ညကျောင်းတက်ရန် စာအုပ်၊ လွယ်အိတ်ကလေးနှင့် ဆရာ့အိမ်သို့ လာသည်ကစ၍ ရိုက်ကူးပါ သည်။ အခြား အသက် ၁၄–၅နှစ်အရွယ် မိန်းကလေးလေးယောက်၊ ထိုအသက်အရွယ်မျှ ယောကျ်ားကလေး ခုနစ်ယောက်လည်း ပါဝင်ပါသည်။ ၎င်းတို့မှာ ဖိုးပါချင် မယ်ပါချင်တို့ ဖြစ်ကြရာ မိတ်ကပ်တဖွေးဖွေး တပြုံးပြုံးနှင့် ဖြစ်နေကြပါသည်။

ကျောင်းအောက်မှာ ကျောင်းမတက်ခင် ကျောင်းသား၊ ကျောင်းသူ သဘာဝအတိုင်း ကစားနေကြသည်ကို ရိုက်ကူးပါသည်။ နောက် ကျောင်း တက်၍ ကျောင်းအပေါ်ထပ်သို့ တက်ရောက်ကြပုံ ဖြစ်ပါသည်။

ကျောင်းအပေါ်ထပ် အတွင်းခန်းမှာ စတူဒီယိုရုံအတွင်းတွင်ဖြစ်ရာ စားပွဲစောင်း ၁၂ ခု ကိုယ့်နေရာနှင့်ကိုယ် ထိုင်ကြရပါသည်။ ညကျောင်းဖြစ် သည့်အတိုင်း ညခန်းနှင့်တူအောင် မီးပွင့်သုံးပွင့် အမှန်ကတော့ နေရောင်ကို ဖောက်ထွင်းနိုင်သော အလွန်လင်းသည့်မီးများ ဖြစ်ပါသည်။ ဓာတ်ပုံ အလင်းအမှောင် ယူရာ၌ ညခန်းသည် အလွန်ခက်ကြောင်း သိရှိရပါသည်။

ဆရာတင်မောင်သည် ကျောင်းသုံးသင်ပုန်းကြီးဘေး စားပွဲတွင် ထိုင်နေရာက ဂဏန်းတွက်ရန် အမိန့်ပေးပါသည်။ ဓာတ်ပုံဆရာသည် ကျောင်းသူကလေး မခင်သောင်း ဂဏန်းတွက်နေသည်ကို အနီးကပ်၍ ရိုက်ကူးပါသည်။ ဂဏန်းမှာ စတော့အိတ်(က်)ချိန်းကို အဟုတ်တွက်ရပါ သည်။ ၁၀ တန်းမအောင်လျှင် အခက်ပေါ့။

ဂဏန်းတွက်ပြီးလျှင် ဆရာ့ဆီ ကျောင်းသား၊ ကျောင်းသူ အသီးသီး သွား၍ ပြကြရပါသည်။ မခင်သောင်း အလှည့်မှာ ဓာတ်ပုံဆရာသည် အနီးကကပ်၍ ရိုက်ကူးပါသည်။ ဆရာက မျက်လုံးတစ်ချက်ကစားကာ တပည့်မအား ကြည့်သည်ကိုလည်း ရိုက်ကူးပါသည်။

mgyoe.com

"ခင်သောင်း တော်တယ်ဟေ့ ... ဂဏန်းတော့ စိတ်ချရပြီ"

ဆရာသည် ပြုံး၍ပင်ပြောရာ ခင်သောင်းမှာ ဆရာချီးမွမ်းသဖြင့် ကျေနပ်သောအမူအရာကလေးကို ရိုက်ကူးပါသည်။ ထိုနေ့ ဤမျှသာ ရိုက်ကူးပါသည်။

ကျွန်မ နားလည်သည်မှာ ရုပ်ရှင်ရိုက်ကူးရာ၌ ဇာတ်လမ်းကို ရှေ့နောက် အစီအစဉ်အတိုင်း တစ်ခုပြီးမှတစ်ခု ရိုက်ကူးသည်ဟု ထင်ခဲ့ပါသည်။ ယခုကား ထိုကဲ့သို့မဟုတ် ဆင်းန်နံပါတ် ၃ မှာ ဆရာတင်မောင်၏ အိပ်ခန်း ဖြစ်ရာ ထိုဆင်းန်နံပါတ် ၃ အတွင်းခန်းတွင် ဖြစ်ပျက်သမျှကို တစ်ခါတည်း တောက်လျှောက်ရိုက်ကူးရပါသည်။ ပေတွက်အဖြတ်၊ ဆင်းန်၊ အဝတ်အထည် စသည်တို့ လိုက်လံရေးမှတ်သောသူ (စကရစ်သမား) စေ့စပ်သေချာလျှင် အမှားအယွင်း မရှိနိုင်ပါ။ ထိုသူမစေ့စပ်က အခန်းထဲဝင်သွားတုန်းက အပွင့်ရိုက်လုံချည်၊ ပြန်ထွက်လာတော့ ပိုးလုံချည် ပြောင်ဖြစ်လိုဖြစ်နေ။ ဝင်သွားစဉ်က ရှပ်အင်္ကျီလက်ရှည်၊ ထွက်လာတော့ စွပ်ကျယ်အင်္ကျီ ဖြစ်လိုဖြစ်နှင့် ကြည့်ရှုကြရရာ ကျွန်မကိုယ်တိုင် အပြစ် တင်ခဲ့ဖူးပါသည်။ ဟောလီဝုဒ်(ဒ်)တွင်ကား စကရစ်ပ်ကို မိန်းကလေးများ ပင် ရေးမှတ်ကြသည်ဟု ၎င်းတို့ စာနယ်ဇင်းများတွင် ဖတ်ဖူးပါသည်။

ဦးလေးကား ကျောင်းသူအသွင် ရိုက်ကူးပြီးကတည်းက ကျွန်မအား အတော်သဘောကျနေပါသည်။ အမှန်အားဖြင့်လည်း ကျွန်မကိုယ်တိုင်မှာ ၁၆ နှစ်သမီးတွင် ဆယ်တန်းပညာ သင်ခဲ့ဖူးသောကြောင့် သာမန် အရပ်သူထက် ပိုမို သရုပ်ပါအောင် ပြုလုပ်နိုင်ခြင်း ဖြစ်ပါသည်။

ဆင်းန်နံပါတ် ၃ ဆရာတင်မောင်၏အိပ်ခန်း။ ထိုအခန်းတွင်ဖြစ်ပျက်သမျှ ဆက်တိုက် ရိုက်ကူးရတော့မည်။ ကျွန်မ အကြောက်ဆုံးဖြစ်ပါတော့သည်။ "ဒီအခန်းကို ဖေဖေသာမြင်ရရင်တော့ ကြည့်နေရင်းက ရုံအပြင်ဘက်သို့ ထွက်ပြေးရှာမှာပဲ" "သူငယ်ချင်းမတွေကလည်း ခင်သောင်း ရမ်းလှချည်လားနဲ့ အပြစ်တင်ကြတော့မယ်။ ငယ်ဆရာတွေကလည်း ဒီကောင်မလေး ပျက်စီးပြီနဲ့ ညည်းကြမယ်" ဤသို့ တမျှော်တခေါ်ကြီး တွေးမိလေ ထိုအခန်းတွင် အမှုထမ်းရမှာလန့်လေဖြစ်နေပါသည်။ အပြင်က ကျင်းပခဲ့သည်မှာ

mgyoe.com

mgyoe.com


လည်း သုံးလေးကြိမ်ရှိပါပြီ"

တစ်ဖန် ဦးလေးဘက်က စဉ်းစားပြန်လျှင် သူ့အား အလွန်အားနာစရာ ကောင်းပါသည်။ သိပေါင်း ကျွမ်းပေါင်းမဟုတ်ဘဲ မြင်မြင်ချင်း ကျွန်မကို ချစ်ရှာသည်။ ဘာမဆို အလိုလိုက်သည်၊ မနုစိန်တို့ကပင် ဦးလေး ဤမျှ အလိုလိုက်သည်ကို မတွေ့ဖူးကြောင်းနှင့် ပြောကြပါသည်။ ကျွန်မအား ရှေးဦးစွာ ဇာတ်ကားတွင်ပင် ဇာတ်လိုက်မင်းသမီးအဖြစ် ရွေး ချယ်ရုံသာမက ကျွန်မကွယ်ရာတွင် ငါ့စိတ်တိုင်းကျ တကယ့်မင်းသမီး တွေ့ပဟော့လို့ပင် ပြောဆိုကြောင်း သိရပါသည်။

သူနှင့်ကျွန်မ နှစ်ယောက်တည်း ပွဲ့ဖက်နမ်းရှုပ်ခြင်း ခံရကြောင်း ပြောခဲ့ပါပြီ။ နှစ်ယောက်တည်း ဘာအရေးလဲ၊ ကျွန်မ ဖြေဖျောက်နိုင်သည်။ ယခုမူ ပိတ်ဖြူကားပေါ်တွင် မြန်မာပြည်တစ်ပြည်လုံးသို့ ကျွန်မ၏ အနမ်းခံ ဘဝကိုပြရတော့မည်။ အခြားသူတွေအတွက် ကျွန်မ အရေးမကြီးပါ။ ဖော်ပြခဲ့သော မိဘ၊ ဆွေမျိုး၊ ဆရာသမား၊ မိတ်ဆွေသင်္ဂဟတွေအတွက် အခက်တွေ့နေရခြင်း ဖြစ်ပါသည်။

"ခင်သောင်းရေ ... ကနေ့ ဆင်းနိန့်ပါတ် ၃ ပါသမျှ ဆက်တိုက်ရိုက်မယ် ဟော့၊နှင့်အဝတ်အဆင်မှတ်နော်၊ ပထမနေ့ ပန်းခက်နဲ့ အဝတ်ဆိုရင် ၃ ထဲမှာ အဲဒီအဝတ်၊ နောက်တစ်နေ့ ကျောင်းတက်လာတော့ ပန်းခက်တစ်မျိုး ဆိုရင် ၃ ထဲမှ အဲဒါဖြစ်ရမယ်၊ စကရစ်(ပ်)သမားလည်း မှတ်လိမ့်မယ်။ ပိုပြီး သေချာအောင် မှာရတာ။ ကဲ ... ပြင်ဟော့၊ မိတ်ကပ် စတူဒီယိုရုံကျမှလုပ်ပေါ့"

နံနက် ထမင်းစားပြီးလျှင်ပြီးချင်း ကျွန်မ အခန်းပေါက်သို့ လာရောက်ကာ ဦးလေး ပြောဆိုလိုက်ခြင်းဖြစ်ရာ ကျွန်မမှာ အာစေးထည့်ထားသကဲ့သို့ "ဦးလေးရဲ့ ဟန်နမ်းနမ်းလို့ မဖြစ်ဘူးလား"ဟု မေးချင်သည်ကိုပင် မမေးမိပါ။ လိုအပ်သော ပစ္စည်းများ သားရေသေတ္တာငယ်နှင့် ထည့် သွင်းနေရပါသည်။

မကြာမီပင် အပြင်ခန်းရိုက်ရန် အထွက်ဘတ်(စ်)ကားတစ်စီးတွင် ရုပ်ရှင်ပညာသည်များ စီးကြပြီးလျှင် ဦးလေးနှင့်ကျွန်မမှာ ရှားရောင်ကားကြီးဖြင့် စတူဒီယိုရုံရှိရာသို့ ထွက်ခွာခဲ့ကြပါသည်။ ဦးလေးမှာ ကားဆင်းနိန့်ပါတ် ၃ ဆရာတင်မောင်၏အခန်းတွင် တပည့်မလေး ခင်သောင်းနှင့်

mgyoe.com

mgyoe.com


ရှေးဦးစွာတွေ့ပုံ၊ နောက် ယဉ်ပါးလာ၍ ကျေကျေနပ်နပ် ချစ်ဖူးဟာ ကျင်းပုံ၊ ထွက်ပြေးရန် တိုင်ပင်ပုံ၊ အခန်း ၃ ခန်းကို တစ်ခုပြီးတစ်ခု ဆက်တိုက် ရိုက်ကူးရမည်ဟုပြောရင်း ပါလာပါသည်။

စတူဒီယိုသို့ရောက်သောအခါ ပြင်ဆင်ခန်းထဲတွင် မနုစိန်ပင် ကျွန်မအား ဆံထုံးဆံတောက်နှင့်တကွ ၁၆ နှစ်ရွယ် ကျောင်းသူကလေး ခင်သောင်းအဖြစ် ဖန်ဆင်းပေးပါသည်။ ဆင်းနံ့နံပါတ် ၃ ဆရာတင် မောင်၏ အခန်းသို့ ထွက်လာသောအခါ ဦးလေးမှာလည်း မိတ်ကပ်လုပ်ပြီး ဖြစ်ပါသည်။ ၃ ထဲတွင် တစ်ယောက်အိပ်ခုတင်၊ ဓာခြင်ထောင်၊ စားပွဲငယ် တစ်ခု၊ မတ်တတ် ကုလားထိုင် နှစ်လုံးစသော ဓာတ်ညွှန်းတွင်ပါသည့် မြင်ကွင်းများ ကိုက် မကိုက် စစ်ဆေးကြည့်ရာက မလှမ်းမကမ်းတွင် ရေးမှတ်နေသော "စကရစ် ပါအား..."

"ဟော့ ... မောင်သွင် ခင်သောင်းအဝတ်ဘာလဲဟေ့"

"လုံချည်က နံပါတ် ၃၊ အင်္ကျီကနံပါတ် ၂၊ အခု သူဝတ်လာတဲ့ အတိုင်း မှန်တယ်ဆရာ။ ဆရာ့လုံချည်က နံပါတ် ၂ ဖြစ်နေတယ်၊ နံပါတ် ၁ ဝတ်ရမှာ၊ ရှပ်လည်း နံပါတ် ၂ ဝတ်ရလိမ့်မယ်"

စကရစ်ပ်ရေးသူရော ဒါရိုက်တာဦးလေးပါ အလွန်သေချာပါ သည်။ တစ်ဓာတ်ထုပ်လုံးတွင် ဘယ်နှစ်ကွက်ပါသည်။ ထိုအကွက်များတွင် သူ့ အကွက်နှင့်သူ သင့်လျော်သော လုံချည်အင်္ကျီများ ရွေးချယ်ထားနှင့်ရပါ သည်။ တစ်ဓာတ်ထုပ်လုံး လုံချည် ငါးထည်ဆိုလျှင် ၁ မှ ၅ အထိ ပိတ်စ သေးသေးတွင် နံပါတ်ထိုး၍ သက်ဆိုင်ရာလုံချည်တွင် ချုပ်၍ထားပါသည်။ အဘယ်အခန်းက ဘယ်အကူးအထိ နံပါတ် ၃။ ဘယ်အခန်းရောက်လျှင် နံပါတ် ၄ စသည်တို့မှာလည်း မောင်သွင်၏အလုပ် ဖြစ်ပါသည်။

ဗိုလ်ကေ ဖရိုဖရဲရှိနေသောအခန်း၊ ဗိုလ်ကေကျကျနနခွဲထားသော အခန်း မင်းသမီးတွင် သျှောင်ထုံးထားသည်။ ပန်းပန်သည် စသည်တို့လည်း မလစ်ဟင်းရပါ။ ဥပမာ – ကျွန်မဆရာ တင်မောင်နှင့် ဦးဆုံးတွေ့ရမည့် အခန်းတွင် ပန်းပန်လျက်မဟုတ်ပါ။ နောက် တစ်ယောက်နှင့်တစ်ယောက် ချစ်၍တွေ့ကြသောအခန်းတွင် နှင်းဆီပန်းတစ်ပွင့် ကျွန်မ ပန်လာရပါသည်။

mgyoe.com

mgyoe.com


ထိုအခန်းရောက်လျှင် သတိပေးရမည် ဖြစ်ပါသည်။ ဆင်းနှ်ဟူ၍ ဆက်တိုက် ရိုက်ကူးရသော်လည်း ကားဆက်ရာ၌ ကျွန်မသည် ပြုံးရွှင် ကျေနပ်စွာ နှင်းဆီပန်းပန်ပြီး ကျောက်တက်လာရာက ဆရာ့အခန်းထဲ ရောက်သွားအထိ ဖြစ်ရာ နှင်းဆီပန်းမပါလျှင် ရော်သွားမည်ဖြစ်ပါသည်။

"ခင်သောင်း လာဟေ့ ... မရိုက်ခင် စမ်းကြည့်ရအောင်၊ နင့်စိတ်ထဲမှာ နင်ငယ်ငယ်က အလွန်ကြည်ညိုတဲ့ ဆရာတစ်ယောက်အနေနဲ့ ငါ့ အပေါ်သဘောထား"

အခန်းမှာ ကျွန်မ ဖော်ပြခဲ့သည့်အတိုင်း ပထွေးရန်ကြောက်၍ ဆရာနှင့်တိုင်ပင်သောအခန်း ဖြစ်ပါသည်။ ဆရာတင်မောင်မှာ သူ၏တစ်ယောက် အိပ်ခုတင်ပေါ်တွင် မစောင်းတစောင်း ပက်လက်လှန်ကာ စာကြည့်နေပါသည်။ ကျွန်မက မရဲတရဲ အမူအရာနှင့်ဝင်လာ၍ ဆရာတင်မောင်က ခြေသံကြားသဖြင့် စာအုပ်ဖယ်ကာကြည့်ရင်း ဟဲ့ ... ခင်သောင်းလားဟု သူကိုယ်တိုင် ခုတင်တွင် တင်ပါးလွဲထိုင်ကာ ခုတင်တစ်နေရာတွင် ခင်သောင်းအား အထိုင်ခိုင်းပါသည်။

စကားပြောခန်းမှာ ဖော်ပြခဲ့သည့်အတိုင်း ဖြစ်ပါသည်။ ကျွန်မအား ပွေ့ဖက်နမ်းရှုပ်အထိ ပြုလုပ်လိုက်ကာ–

"အေး ... ဟန်ကျပြီ၊ ဒီမူအတိုင်း မပျက်စီးနဲ့"ဟု ကင်မရာနှင့် ဆက်၍ ရိုက်ကူးပါသည်။ အစက ပြန်လုပ်ပြီးလျှင် ကင်မရာမင်းကလည်း အဝေး အနီး လိုသလို ရိုက်ကူးနေပါသည်။ ကင်မရာမင်းအပြင် အခြားသူများလည်း ရှိသေးရာ ကျွန်မ ရင်ဖိုနေပါသည်။ တကယ့်အမူအရာကလည်း နမ်းရှုပ်ပြီးသည့်ပြင် ကျောင်းသူ၊ ကျောင်းသားများ ချောင်းကြည့်မြင်သွားမလားဟု အပေါက်ဆီသို့ ကြည့်ရမည်ဖြစ်ရာ သူနမ်းပြီးလျှင်ပြီးချင်း အပေါက်ဆီသို့ကြည့်မိရာ မနုစိန် ရင်ဘတ်လက်နှင့်အုပ်ကာ အံ့သြသော အမူအရာနှင့် ကြည့်နေသဖြင့် ရှက်သွေးမွှန်သွားပါသည်။

နောက်မှသိရသည်မှာ မနုစိန်အား ထိုသို့ပြုမူရန် မှာကြားထား၍ ကျွန်မ၏ရှက်ကြောက်ပုံ တကယ်သဘာဝကျသော အနေအထားရရှိရန် အတွက် ဖြစ်ပါသည်။

mgyoe.com

mgyoe.com


နောက်တစ်ခန်းမှာ ကျေနပ် ချစ်ခင်နေကြပြီဖြစ်၍ နမ်းရှုပ်သည်ကို ပင် ကျေနပ်နှစ်သက်စွာ ဖြစ်ပျက်နေသော ခင်သောင်းအမူအရာပင် ဖြစ်ပါသည်။ သူတို့ သဘောအတော်ကျကြပါသည်။ "ကျလိုက်ကြပေတော့၊ မိခင်သောင်းခေါင်းဘယ့်လောက်ကျိုန်းဦးမလဲ"ဟု စိတ်ထဲက ပြောမိပါသည်။

"သဘာဝကျအောင် နှစ်ယောက်ယှဉ်တွဲအိပ်တာကော ရိုက်ကူးဦး မှာလား"

"ဟယ် ... တောက်တီးတောက်တဲ့၊ ဆင်ဆာက ဒီအထိ ဘယ်မှာခွင့် ပြုလိမ့်မလဲ။ အခုဟာကို လွန်လှပြီ"

ကျွန်မအမေးမျိုးကို သာမန် အမျိုးသမီးများပင် မေးဝံ့ကြမည် မထင် ပါ။ ကျွန်မမှာ သဘင်တစ်ပိုင်း အင်္ဂလိပ်ကျောင်းထွက်ဖြစ်သဖြင့် ဘာမဆို မေးရဲ၊ ပြောရဲ၊ ပြုမူရဲ ဖြစ်နေပါသည်။ ထို့ကြောင့် ရှေးလူကြီး များက "ဈေးအစ၊ ဇာတ်အလယ်၊ ... သည်နောက်ဆုံးပိတ်"ဟု ပြောစမှတ်ပြုကြခြင်း ဖြစ်သည်။ ဈေးဆိုသည်မှာ ၁၂ ပွဲလိုက် ညဈေးသည်ကို ဆိုခြင်းဖြစ်ရာ အပေါင်းအသင်း အဆက်အဆံများ၍ ပျက်စပျိုးပြီး အငြိမ့်ဇာတ်စသော သဘင်သည်ဘဝကား အဆုံးဘဝမရောက်ခင် အလယ်တွင်ရောက်နေပြီ။ ဟိုဘဝ သည်ရှေ့က ပဝဂ် ဒုတိယဗျည်းတွင် အာသာရကပ်လျှင် အမိပ္ပာယ် ပေါ်ကြပါလိမ့်မည်။ အဆုံးဘဝရောက်ပြီဟု ပြောကြပါသည်။

နောက်တစ်ကြိမ် ဆက်၍ရိုက်ကူးသော အခန်းမှာ ဆိုခဲ့သည့်အတိုင်း လုံချည်၊ အင်္ကျီ တစ်မျိုးလဲပြီးလျှင် နှင်းဆီပန်းပန်ကာ ကျေနပ်စွာ အနမ်း ခံသောအခန်း ဖြစ်ပါသည်။

နောက်တစ်ခန်းမှာ လုံချည်နံပါတ် ၄ ကတ္တီပါလုံချည်၊ ဆံပင် ဆံမြိတ် ချလျက် ဆွယ်တာအင်္ကျီနှင့် ထွက်ပြေးကြဖို့ ကျွန်မက အတင်းပူဆာရသော အခန်း ဖြစ်ပါသည်။ သို့နှင့် ထိုဆင်းနံပါတ် ၃ မှ ကျွတ်လွတ်ပါတော့သည်။ သူ့စိတ်တော့ ဘယ်လိုနေသည်မသိ၊ နာမည်ကြီး တကယ့် မင်းသမီးဖြစ်ချင် လှသည့် ကျွန်မမှာကား သူ့ကို တကယ့်လင်သဘောထားပြီး ကရသော ကြောင့် ထိုအစွဲကို ချွတ်မရအောင် ဖြစ်၍သွားပါသည်။

* * *

mgyoe.com

mgyoe.com

နောက်တစ်နေ့ အပြင်ခန်း ရိုက်ကူးရန် ဖြစ်ပါသည်။ ဆင်းနိန့်ပါတ် ၃ တွင် ကနေ့ညတော့ ထွက်ပြေးလို့ မဖြစ်သေးဘူး၊ ကျောင်းပျက်စီးသွားမည်။ နက်ဖြန် လက်ထောက်ဆရာအား စီမံခန့်ခွဲထားခဲ့ပြီးမှ ထွက်ပြေးကြရန် သဘောတူခဲ့ခြင်းတွင် အဆုံးသတ်ပါသည်။

အပြင်ခန်း ဆိုသည်မှာလည်း များများစားစားမဟုတ်၊ ကားပေါ်တက်နှစ်ယောက်သား နောက်ပိုင်းက ယှဉ်တွဲထိုင်ကာ လိုက်ပါကြ၊ ကားအသင့်မောင်းမိလျှင် အခြား မြို့တစ်မြို့ မိတ်ဆွေအိမ်တွင်ရောက် အကျိုးအကြောင်းပြောပြ ၎င်းအိမ်မှာ တည်းခိုနေခြင်း ဖြစ်ပါသည်။ ရုပ်ရှင် ပရိသတ်ကတော့ အခြားမြို့တစ်မြို့သို့ တကယ်ရောက်သွားသည်ဟု ထင်ကြမည် ဖြစ်ပါသည်။

အမှန်မှာ စတူဒီယိုရုံထဲတွင် ဆက်တင်လုပ်ပြီးလျှင် အခြားမြို့က မိတ်ဆွေအိမ်အသွင် ဖန်ဆင်းရိုက်ကူးကြရခြင်း ဖြစ်ပါသည်။ အိမ်ရှင်က "လူပျိုကြီးများ စွန်မဲ့စွန်တော့ ..."ဟု ခနဲ့ပြောလိုက်ရာ ကျွန်မ ခိခနဲ ရယ်မိသဖြင့် အမာန်မခံရကာ ရှက်သွေးလျှမ်းသော အမူနှင့်ပြန်၍ ရိုက်ကူးရပါသည်။

ရုပ်ရှင်ရိုက်ကူးရပုံကို အတော်များများ ဖော်ပြရခြင်းမှာ ကျွန်မ၏ တကယ့်ကိုယ်တွေ့ အဖြစ်အပျက်တွင် အထောက်အပံ့ရစေရန်အတွက် ဖြစ်ပါသည်။ ကျွန်မအား ကဲ့ရဲ့ပြစ်တင်ချင်ကြလျှင်လည်း ဤရိုက်ကူးရပုံဖြင့် သက်ညှာကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

ကျွန်မ ရုပ်ရှင်ရိုက်ကူးရာ၌ ဦးလေးဆရာ သင်ပြသည့်အတိုင်း အလွန်စိတ်ဝင်စားပါသည်။ မည်မျှစိတ်ဝင်စားခဲ့သည်ကို နောက်ဆက်ကူးသော အခန်းတွင် သိနိုင်ပါသည်။

ဆရာတင်မောင်နှင့်တပည့် မခင်သောင်း ပြန်မိပြီးလျှင် ခင်သောင်းအား မိဘလက်သို့အပ်လိုက်ရာ ခင်သောင်း အလိုမတူဘဲ ခိုးယူထွက်ပြေးကြောင်း ထွက်ဆိုရမယ်။ ဒီတော့မှ ပထွေး စိတ်ကျေနပ်ပြီး အမှုကိုပြန်နုတ် ဆရာတင်မောင်နှင့် တကယ်ပေးစားမယ် စသောအခန်းကို မနုစိန်က မိခင်နေရာကဝင်၍ အသုံးတော်ခံပါသည်။ မနုစိန်မှာ ရုပ်ရည်မညံ့ပါ။ သဘင်ရည်ဝပါသည်။ မိတ်ကပ်ကြောင့် အသက် ၃၀ ရွယ်မှ ၄၀ ရွယ်သို့ ပြောင်းလဲအိုမင်းသွားရှာပါသည်။

mgyoe.com

mgyoe.com


နောက် ရုံးတင်စစ်ဆေးသောအခန်း ဖြစ်ပါသည်။ အလွန် သဘာဝကျအောင် ဆက်တင်များဖြင့် ပြင်ဆင်ထားရာ ကျွန်မကိုယ်တိုင် တကယ့်ရုံးထဲရောက်နေပြီဟု ထင်ရပါသည်။ တရားသူကြီး၊ နှစ်ဖက်ရှေ့နေ၊ ရှေ့ဖတ်စာရေး လိုလေသေးမရှိ ဖြစ်ပါသည်။ ရုံးတွင်စစ်ဆေးရာ၌ အမှုကို တစ်ခါတည်းစစ် တစ်ခါတည်း စီရင်ချက်မချဘဲ လေး ငါးခါ ချိန်းသည့်အခိပ္ပာယ်ပင်ပေါ်အောင် ပထမ မိဘများ၊ သက်သေများစစ်။ ရုံးဆင်း ကျွန်မအား အိမ်တွင် မှိုင်တွေချခန်း။ ကြားညှပ်။ ဆရာတင်မောင် အိမ်မြှောင်အမြီး ပြတ်ဖြစ်နေပုံတို့ပြီးမှ ဆက်လက်စစ်ဆေး။ ကျွန်မက မိဘသင်ပေးသည့်အတိုင်း ထွက်ဆိုသောအခါ ဆရာတင်မောင်၏ မကျေမချမ်းဖြစ်ပုံ၊ ဝမ်းနည်းကြေကွဲပုံတို့မှာ အစစ်ခံပြီး ကျွန်မ တကယ် မျက်ရည်ကျလောက်အောင်ပင် ဟန်အမူအရာကောင်းလှပါသည်။

နောက်ဆုံး စီရင်ချက်ချသောနေ့ ဖြစ်ပါသည်။ တရားသူကြီးက စီရင်ချက်ဖတ်ပြနေပါသည်။ တရားခံမောင်တင်မောင်အား ပုဒ်မ ၃၆၃ အရ ထောင်ဒဏ် ခြောက်လကျခံစေဟု ကြားရသည်နှင့်တစ်ပြိုင်နက်။

"မေမေ ... မေမေ ဒီလိုထွက်ရင် လွတ်မယ်ဆို။ ခုတော့ ဆရာထောင်ကျပြီ။ ကျွန်မ မနေဘူးဆရာနဲ့ ထောင်ထဲလိုက်မယ်"ဟု တကယ်မျက်ရည်ကျငိုလိုက်ဟန်ပြင်ရာ မေမေကလည်း အတင်းဆွဲထား ဆရာတင်မောင်ကိုလည်း လက်ထိတ်ခတ်၍ ပုလိပ်တွေခေါ်အသွား။

"ရှင်တို့မတရားဘူး။ ကျွန်မတို့ချစ်ခြင်းကို ခွဲတယ်၊ ဆရာ ဆရာ ခင်သောင်းကို မမုန်းပါနဲ့ သူတို့ခိုင်းလို့ပါ။ အမယ်လေး ... ခုတော့ ကိုယ်ကျိုးနည်းပေါ့ဆရာရဲ့"ဟု ပြောရင်း ခွေကျမေ့မြောသွားရှာသည်။

အမှန်မှာ ကျွန်မ စိတ်ပါဝင်စားလွန်းသဖြင့် တကယ်ပင် မေ့မြောသွားရာ ပျာပျာသလဲ ဘဝင်ဖိသူဖိ ရေဝတ်နှင့် မျက်နှာဆွတ်သူဆွတ်ဖြင့် သတိရလာပါသည်။ ကင်မရာမင်းသည် ထိုအထိ ရိုက်ကူးနေရာ ကျွန်မမှာ သတိရလာမှ စတူဒီယိုရုံထဲက အဖြစ်အပျက်ပါလားဟု ပြန်လှန်သုံးသပ်မိပါသည်။ ပုလိပ်ခေါ်သွားသော ဆရာတင်မောင်လည်း အနီးတွင်ရပ်လျက် အတော် သဘောကျသော အမူအရာနှင့်–

mgyoe.com

mgyoe.com

"ကောင်းသဟေ့ ... ခင်သောင်း၊သိပ်ကိုကောင်းတာပဲ။ ဒါပေမဲ့ ဒီလို တကယ် နောက်များတော့ မမေ့လိုက်ပါနဲ့။ အမေရိကန်မှာ ပြဇာတ် မင်းသမီး တစ်ယောက် နင့်လိုပေါ့။ အပူခန်း မေ့ပစ်လိုက်တာ အသက်ပြန်မလည်လာ တော့ဘဲ တစ်ခါတည်း သေဆုံးဖူးတယ်။ ငါဖြင့်နင့်အတွက် ခေါင်းနပန်းကြီး သွားတာပဲဟာ"

ဟုလေ လျှောက်ပြောဆိုနေပါသည်။ လိမ္မော်ရည်လည်း ယူလာကြ သဖြင့် လိမ္မော်ရည်အေးအေးသောက်လိုက်မှ အမောပြေသွားပါတော့သည်။

နောက်အဆုံးသတ် အခန်းများမှာ ဆရာတင်မောင်သည် စက်ရှင် ရုံးတွင် အယူခံရာ အောက်ရုံးကပေးသော အပြစ်များလွန်းသည်၊ ယခု ကျခံရသော တစ်လလောက်နှင့် သင့်တော်ပြီဟု လွှတ်လိုက်သောအခန်း။

ကျွန်မနှင့် မေမေ (မနုစိန်) အခန်းမှာ ကျွန်မ၏ ဝမ်းဗိုက်ဆိုကြည့်ပြီး မေးဟန်၊ကျွန်မက လက်သုံးချောင်းထောင်ပြပုံတို့ဖြစ်ပါသည်။ အဲသည်အခန်း မှာလည်း ကလေးခေါင်းအုံးပမာ လဲမွို့ကို ဘေးက ခပ်ပြားပြား အလယ်က ခပ်ခုံးခုံးချုပ်ပြီးလျှင် ကျွန်မ လုံချည်အတွင်းက စည်းထားရပါသည်။ အပေါ်က ပိုးပျော့လုံချည်ဝတ်ထားတော့ သုံးလကိုယ်ဝန်သဏ္ဍာန်ဖြစ်နေပါသည်။

မဖြစ်တော့ဘူးဟု ဆရာတင်မောင်နှင့် လက်ထပ်၊ ဆရာတင်မောင် နှင့် နှစ်ယောက်တည်းရှိသောအခါ ဗိုက်နှင့်ဆံတောက်နှင့် ဟန်မကျပုံ၊ ဆံတောက်သိမ်းခိုင်းပုံတို့ဖြင့် ရှင်မြူးစွာ ဇာတ်လမ်းကို သိမ်းလိုက်ပါသည်။

ကျွန်မလည်း တစ်ကားအတွက် ဝင့်ကြွတ်သွားပါသည်။ မမမြင့် မှာကား ထိုကားရိုက်ကူးစဉ် ဘာမျှ ဝင်ရောက်စွက်ဖက်ခြင်းမရှိ။ သူ၏ နားတွင်ကား ကျွန်မ ပါးနမ်းခံလိုက်ပုံ၊ ပွေ့ဖက် သဘာဝကျပုံတွေ လျှံထွက် အောင် ကြားနေရမည်ကားမလွဲပါ။ မိန်းမအေးဖြစ်သဖြင့် ကျွန်မသော်လည်း ကောင်း၊ ဦးလေးသော်လည်းကောင်း မေးမြန်းခြင်းမပြုပါ။

ကျွန်မတို့ဇာတ်ကား ရုံတင်မည်ရှိသောအခါ မတင်ခင် ဆင်ဆာသို့ သက်သက်ပြရပါသည်။ ဆင်ဆာပြခွင့်ပြုမှ ရုပ်ရှင်ပရိသတ်အား ပြကြရ ပါသည်။

"မခင်သောင်း သိပ်သဘာဝကျတာပဲဆို မခင်သောင်း ဦးလေးကလည်း

mgyoe.com

mgyoe.com


မခင်သောင်းကို အလွန်သဘောကျနေတာပဲကွဲ့."

ဆင်ဆာများကို ပြရန်နေ့ဖြစ်သဖြင့် ကျွန်မတို့လည်း ကိုယ့်ဇာတ်ကား ကိုယ်ပြန်ကြည့်ရအောင် အဝတ်လဲနေခိုက် မမမြင့်လာရောက်ပြောဆိုခြင်း ဖြစ်ပါသည်။ သူပြောသောစကားမှာ အဓွန့်မလွတ်ဟု ထင်ပါသည်။ "မခင်သောင်းကို အလွန်သဘောကျနေတာပဲကွဲ့."ဟူသော စကားမှာ ဇာတ်လိုက် ဟန်အမူအရာ သဘောကျသည်လည်း ဖြစ်နိုင်သည်။ လူကို သဘောကျသည်လည်း ဖြစ်နိုင်ပါသည်။

"မမမြင့်ကိုယ်တိုင် ကြည့်ပြီးတော့မှ ဆုံးဖြတ်တာပေါ့"

"ဒါကြောင့်လည်း မမမြင့် လိုက်ကြည့်မယ် လုပ်တာပေါ့"

ဆင်ဆာများသို့ နံနက် ၈ နာရီခန့်တွင် ပြရမည်ဖြစ်ရာ အထူးဧည့်သည်များ၊ ရုပ်ရှင်ပညာသည်များ၊ သတင်းစာဆရာများလည်း ထိုအထူးပွဲတွင် ကြည့်ကြမည် ဖြစ်ပါသည်။ ရှားရောင်ဆလွန်းကားကြီး ရုပ်ရှင်ရုံသို့ ထိုးရပ်လိုက်သည်နှင့်တစ်ပြိုင်နက် ကားပေါ်မှ အသက် ၃၀ ခန့် လူချောတစ်ယောက်၊ အသက် ၂၅ နှစ်ခန့် မိန်းမချောတစ်ယောက်၊ အသက် ၂၀ခန့် ကြော်ငြာများတွင် ပါနေပြီဖြစ်၍ ရုပ်ရှင်မင်းသမီးဟု ဝိုင်းဝန်းကြည့်ရှုခြင်းခံရသော မိန်းမပျိုတစ်ယောက်၊ ပေါင်းသုံးယောက် ဆင်းလာကြကာ ရုပ်ရှင်ရုံထဲသို့ ဝင်ခဲ့ကြပါသည်။

မမမြင့်နှင့် ကျွန်မမှာ ပထမတန်း နေရာကောင်းတွင် ထိုင်ရစ်ကြ၍ ဦးလေးမှာ အထူးတန်းရှိ မိတ်ဆွေများအား လိုက်လံနှုတ်ဆက်နေပါသည်။ ဆင်ဆာလူကြီးများ ရောက်လာ၍ ၈ နာရီတိတိတွင် ရုပ်ရှင်ပြပါသည်။ ကျွန်မမှာကား ကိုယ်တိုင်ပါဝင်သော ကားဖြစ်၍ အထူး အာရုံစူးစိုက်ကြည့်ရှုနေပါသည်။ နမ်းရှုပ်သောအခန်းသို့ ရောက်သောအခါ ပရိသတ်များမှာ ဟာခနဲ ဟင်ခနဲ ဖြစ်သွားကြသံများ ကြားရပါသည်။ မမမြင့် မျက်နှာကို အမှတ်တမဲ့ အကဲခတ်သောအခါ မျက်နှာသုန်မှုန်နေသည်ကို မြင်ရပါသည်။

အားလပ်ချိန်သို့တိုင်သောအခါ ရုပ်ရှင်ကို အခမဲ့ပြရုံသာမဟုတ်။ လက်ဖက်ရည်၊ မုန့်မျိုးစုံ၊ စီးကရက်တို့ဖြင့် ဧည့်ခံရပါသေးသည်။ ကျွန်မကား...ကျွန်မကား ရှေးဦးစွာ အထမြောက်သွားသဖြင့် တပြုံးပြုံး ဖြစ်နေပါ

mgyoe.com

mgyoe.com

သည်။ ကားရိုက်စဉ်က ကိုယ့်အမူအရာ ဘာဖြစ်သည်ကို မသိခဲ့ပါ။ ပိတ်ဖြူပေါ်ရောက်မှ ကောင်းစွာသိရလေရာ ကျွန်မကိုယ်ကျွန်မ နာမည်ကြီး မင်းသမီးတွေထက် မညံ့ဟု ဆုံးဖြတ်ပါသည်။

အားလပ်ချိန်တွင် ဦးလေး ကျွန်မတို့ဆီ ရောက်လာပါသည်။ မမမြင့်အားတွင် ထိုင်ချလိုက်ရင်း–

"ဘယ့်နှယ်လဲ ... ကောင်းရဲ့လား မြင့်"

"သိပ်ကို သဘာဝကျတာပဲ"

မမမြင့်၏အသံမှာ အနည်းငယ် တုန်သွားသည်ကို ကျွန်မ သတိပြုမိပါသည်။ ဦးလေးကား သတိထားဟန်မတူ၊ သူ့နဖူးကို လက်ဖနောင့်နှင့် နှစ်ခါ သုံးခါထုရင်း "သေဟဲ့ ... နန္ဒိယ၊ သေဟဲ့ ... နန္ဒိယ"ဟု ညည်းလိုက်ရာ–

"ဟောတော့ ... ဘာဖြစ်လို့လဲ ဦးလေး"

"သူလည်း မမမြင့်အားကျော်ကာ ကျွန်မအား စောင်းငဲ့ကြည့်ရင်း–

"နမ်းရှုပ်တဲ့အခန်းတွေ အကုန်လုံးဖြတ်ရမတဲ့။ ဦးလေးက အင်္ဂလိပ်ဇာတ်ကားတွေမှာ ပါးစပ်ချင်းတေ့စုပ်တာ ပြခွင့်ပြုရင် ဒါလောက်တော့ ပြခွင့်ပေးသင့်တယ်လို့ ပြောပါသေးရဲ့"

"မျက်နှာဖြူပုလိပ်မင်းကြီးက ကန့်ကွက်တာလား"

"မဟုတ်ဘူး ခင်သောင်း၊ ဗမာ ဆင်ဆာလူကြီးတွေကဖြတ်တာ။ အင်္ဂလိပ်မှာတော့ မိဘမောင်ဘွားရှေ့မှာလည်း နမ်းရှုပ်ကြတဲ့အလေ့ ရှိတယ်၊ ဗမာမှာ ဒီအလေ့မရှိဘူး။ မိဘမောင်ဘွား ရုပ်ရှင်လာကြည့်တဲ့အခါ ဘယ်လိုမျက်နှာထားကြမလဲတဲ့"

ဦးလေး ထိုသို့ပြောပြီးလျှင် ဆင်ဆာလူကြီးများရှိရာသို့ ထွက်ခွာသွားပါသည်။ ကျွန်မမှာကား ပါးနမ်းခံရတာသာ အဖတ်တင်ပြီးလျှင် ရုပ်ရှင်ထဲ တကယ်မပါတော့ ဟာသွားပါသည်။ သို့ရာတွင် ကျွန်မတွေးပူနေသော မိဘ၊ ဆွေမျိုးတွေ ကျွန်မ အနမ်းတကယ်ခံရတာ မြင်ရတော့မည် မဟုတ်သဖြင့် ဝမ်းသာသွားပါသည်။ နမ်းတာထက်ဆိုးသည့်အဖြစ်ကိုကား ထိုအချိန်က အနည်းငယ်မျှ မစဉ်းစားမိပါ။

mgyoe.com

mgyoe.com


ရုပ်ရှင်ပရိသတ်သို့ ရုံတင်ပြသောအခါ ကျွန်မသွား၍ ကြည့်ပါသေးသည်။ နမ်းရန် ဟန်ပြင်တုန်းလောက်သာ ပြ၍ ကျန်တကယ်နမ်းသောအပိုင်း ဖြတ်ပစ်လိုက်သည်ကိုလည်း တွေ့ရပါသည်။ ပရိသတ် အထူးနှစ်သက်သည်ကိုလည်း တွေ့ရပါသည်။

သတင်းစာများတွင် ကျွန်မ ဇာတ်လိုက်နေပုံ၊ အရုပ်ဗလောက်ကားများ ဖော်ပြထားရာ မိတ်ဆွေသူငယ်ချင်းများသည် နှစ်ထောင်းဝမ်းသာအားရရှိလှကြောင်းနှင့် စာရေးကြပါသည်။ ကျွန်မ ဇာတိမြို့သို့ကားအလျှင်ရရန် ရုံပိုင်ရှင်ထံမှလည်း စာရရှိရာ ဦးလေးက မန္တလေး အရင်ပို့ရမည်ဟု ပြောသဖြင့် မကျေနပ်ပါ။ သူက ကျွန်မအား "အစ်တ်စ်ဘစ်ဇနက်စ်ပွိုင့်တော့ဗျူး (စီးပွားရေးအမြင်)"နဲ့ လုပ်ရမယ်တဲ့။

ကျွန်မမှာ ထိုဇာတ်လမ်း ရိုက်ကူးပြီးကတည်းက အိပ်မက်တစ်မျိုးတည်း မက်နေပါသည်။ ထိုအိပ်မက်မှာ ဆင်းနိန့်ပါတ် ၃ ထဲကဖြစ်ပါသည်။ အမှန်လည်း ရည်းစားဘဝ ရည်းစားလို၊ လင်ဘဝ လင်လိုစိတ်ထားခဲ့မိရာ အိပ်မက်က ထပ်မံ လှုံ့ဆော်ပေးပြန်သဖြင့် ဦးလေးအား တကယ့် ခင်ပွန်းထင်မသွားမိလေအောင် အတော်သတိထားနေထိုင်ရပါသည်။ သူ့အားကြည့်ရသည်မှာလည်း စိတ်ကို အတော်ချုပ်တည်းနေရဟန်တူပါသည်။

* * *

ဦးလေးသည် နောက်ဇာတ်ထုပ်တစ်ထုပ် ရိုက်ကူးရန် စီစဉ်ပါသည်။ မင်းသားမှာ အသက် ၂၅ နှစ်ခန့်ရှိ ကိုဝင်းစိန်ဆိုသူဖြစ်၍ မင်းသမီးမှာ အသက် ၂၃ နှစ်ခန့်ရှိ မမြင့်ခင်ဆိုသူ ဖြစ်ပါသည်။ ထိုအမည်နှစ်ခုမှာ နာမည်ရင်းဖြစ်၍ ရုပ်ရှင်ဘက်တွင် နာမည်တစ်မျိုးစီ ဖြစ်ကြပါသည်။ ကျွန်မလည်း ထိုဇာတ်ထုပ်တွင် ဇာတ်လိုက်မင်းသမီးအဖြစ် ပါဝင်ရပါသည်။ ဇာတ်လိုက်ခေါင်းဆောင်မင်းသမီးနှစ်ယောက်နှင့် မင်းသားတစ်ယောက်ဖြစ်ရာ ရည်းစားနှစ်ယောက်ကြား ဗျာများနေသော အခန်းများလည်း ပါပါသည်။ ဇာတ်လမ်းမှာ အသောခန်းကစပြီးလျှင် ပူဆွေးခန်းတွင် အဆုံးသတ်မည်ဖြစ်ရာ

mgyoe.com

mgyoe.com

ဗိလိန်တစ်ယောက်မျှမပါ။ မည်သူ့ကိုမျှ အပြစ်မတင်သော ကံကြမ္မာဖန်တီးသော ဇာတ်လမ်းဖြစ်ပါသည်။

မကြာခင် ဇာတ်ထုပ်စ၍ ရိုက်ကူးပါသည်။ ကျွန်မတို့လည်း ဆိုင်ရာအခန်းတွင် ဝါရင့်သောမင်းသမီးများကဲ့သို့ ပိုင်နိုင်စွာ ဟန်အမူအရာဆောင်နိုင်ကြပါသည်။ ထိုကဲ့သို့ ရိုက်ကူးနေကြသည့်အတွင်း ပဲခူးရှိ မမမြင့်၏မိခင်ကြီး အသည်းအသန် မမာဖြစ်နေသည်ဟု တယ်လီဖုန်းနှင့် အကြောင်းကြားသဖြင့် မမမြင့် ပဲခူးသို့ လိုက်သွားရပါသည်။ ဤသည် တွင် ကျွန်မအား ကြုံဟာ်မွှေသောအခန်း စပါတော့မည်။

ဦးလေး၊ ဒေါ်မြ၊ ကျွန်မ တိုက်ကြီးအပေါ်ထပ်တွင် ဤသုံးယောက်သာရှိကြပါသည်။ ဒေါ်မြမှာ တုံးအောက်ကဖား ဖြစ်ပါသည်။ ဦးလေးသည် သုံး၊ လေးရက် တည်တည်ကြည်ကြည်နေပါသည်။ သူအရက်သောက်ပါသည်။ ရှမ်ပိန်ကို ထမင်းမြိန်ရုံ တစ်ခွက် နှစ်ခွက်လောက်သာ သောက်လေ့ရှိပါသည်။ ထမင်းစားခန်း၊ လက်ဖက်ရည်ခန်း စသည်တို့မှာ အပေါ်ထပ်တွင်ရှိပါသည်။

"ဟဲ့ ... ခင်သောင်း ဒီကို လာခဲ့စမ်း"

တစ်ညနေ ၅ နာရီခန့်တွင် ထမင်းစားခန်းထဲမှ လှမ်း၍ခေါ်လိုက်ရာ ကျွန်မ ဝင်ရောက်သွားပါသည်။ ကျွန်မ ခါးတွင် ရေညှိရောင် စူရတီလုံချည်ကို ပိတ်လုံကွင်း အတွင်းခံ၍ ဝတ်ထားပါသည်။ ဇာဘော်လီ လည်ဟိုက်နှင့် ပဒုမ္မာအကျီပါးတို့ကြောင့် သားကောင်းမိခင်ဖြစ်မည့်အသွင်ဆောင်နေသော ကျွန်မ၏ကိုယ်အထက်ပိုင်းသည် မယားနှင့် သုံး၊ လေးရက်ကင်းကွာနေသူအား သွေးဆောင်နေလိမ့်မည်ဟု မထင်မှတ်ခဲ့ပါ။

သူသည် ထမင်းစားပွဲထိပ်တွင် ထိုင်နေ၍ ကျွန်မအား သူ့ဘေးတွင်ရှိသော ကုလားထိုင်တွင် အထိုင်ခိုင်းပါသည်။ တိုင်းဗုံးသည် မကြာခင်ပေါက်ကွဲပါတော့မည်။ ဤကဲ့သို့ ပေါက်ကွဲလိမ့်မည်ဟု အတပ်သိက ကျွန်မသူ့ဆီမသွားဘဲ ဥပါယ်တံမျဉ်နှင့် ရှောင်ရှားနေမည် ဖြစ်ပါသည်။ သူ့အကြည့်အရှု ခံနေရသည်မှာ ကျွန်မ ရင်ထဲ ဒိုင်နမိုစက်နှိုးထားသလို ဖြစ်နေပါသည်။

"ဟိုအခန်းမှာ သဘာဝကျအောင် လုပ်ရလိမ့်မယ်။ သဘာဝကျဖို့

mgyoe.com

ဟာ လက်တွေ့နားလည်မှ ဖြစ်မယ်။ နားလည်လား"

"အမယ်လေး ... ဦးလေး သဘာဝတော့ ခင်သောင်း ကြောက်လွန်းလို့"

ကျွန်မက ပခုံးလှုပ် ကျောချမ်းသလို အမူအရာနှင့် ပြောလိုက်ရာ ကျွန်မထိပ်ကို မနာအောင် လှမ်း၍ ခေါက်လိုက်ပါသည်။ သူ့မျက်လုံး ကြည့်ရသည်မှာလည်း ရိတိတိ ဖြစ်နေဟန်တူပါသည်။ စားပွဲပေါ်တွင် ကြက်သားကြော်ကို မျှင်းထည့်ထားသည့် ပန်းကန်ပြားတစ်ချပ်၊ ဝက်နံကင်ကို အနေတော်တုံးတစ်ထည့်ထားသော ပန်းကန်ပြားတစ်ချပ်၊ ကြက်သွန်ဥကြီး၊ ငရုတ်သီးစိမ်းတို့ ရှာလကာရည် စိမ်ထား၍ ဆားအနေတော်နှင့် တစ်ပန်းကန်ပြား၊ ဆော့(စ်)တစ်ပန်းကန်ငယ်၊ ရှမ်ပိန်ကွပ် ပုလင်း တစ်လုံး၊ ဖန်ခွက် အလတ်စား နှစ်လုံး၊ လင်မနစ် နှစ်လုံး၊ ဖန်ချိုင့်တစ်ခု ထဲတွင် ခွဲစိပ်ထားသော ရေခဲများ ရှိပါသည်။

"နင်တို့အခန်းတစ်ခန်းမှာ အရက်သောက်တဲ့အခန်းပါတယ် မဟုတ်လား၊ အဲဒါ အရက်ကိုအားပေးတာ မဟုတ်ဘူး။ အရက်သောက်စားခြင်းရဲ့ အပြစ်ကို သရုပ်ဖော်ပြတာပဲ"

ကျွန်မ ဇာတ်ညွှန်း အကုန်ဖတ်ရှုပြီး ဖြစ်ပါသည်။ ဇာတ်လမ်းမှာ ကိုဝင်းစိန်ဆိုသည့် လူချောတစ်ယောက်အား မမြင့်ခင်နှင့် ခင်သောင်းတို့က မသိမသာ ပိုးကြပါသည်။ မမြင့်ခင်နှင့် မခင်သောင်းတို့မှာ သူငယ်ချင်းဖြစ်၍ ညီအစ်မအရင်းလို ခင်ကြပါသည်။ မမြင့်ခင်က အချွဲအတာ အမူအရာ ကောင်းသဖြင့် ကိုဝင်းစိန်နှင့် မမြင်ခင် ညားသွားကြပါသည်။ ခင်သောင်းမှာ သဘောထားကြီးစွာနှင့် ထိုအိမ်သို့ ဝင်ထွက်သွားလာနေပါသည်။ ကိုဝင်းစိန်မှာ မမြင့်ခင်နှင့်ညားနေသော်လည်း ခင်သောင်းအား ပို၍ ချစ်နေပါသည်။

တစ်ညနေတွင် ကိုဝင်းစိန်၊ မမြင့်ခင်၊ ခင်သောင်း စားပွဲတစ်ခုတွင် ထိုင်နေကြရာက ကိုဝင်းစိန်က အရက်သောက်၊ မမြင့်ခင်လည်း အရက်သောက်၊ ခင်သောင်းမှာ အရက်မသောက်တတ်၍ လိမ္မော်ရည်သောက် စားသောက်ဝိုင်းဖွဲ့နေကြရာက မခင်သောင်း ရိတိတိဖြစ်လာသည်။ လိမ္မော်ရည်ထဲ အရက်မသိအောင် ထည့်လိုက်သောကြောင့်ဖြစ်၏။ မမြင့်ခင် ပို၍ မူး၏။ ခင်သောင်းလည်းမူး၊ ဝင်းစိန်လည်းမူး ဝင်းစိန်သည် ခင်သောင်းအား

mgyoe.com